# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (2-2-2007) (၅၂၂၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁

**လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဆဋ္ဌအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုသည်။**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ဖူးမြော်ကန်တော့စဉ်။** (သတင်းစဉ်)

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်သို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁



# မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ကိုအခြေခံပြီး ဖွဲ့စည်းထား တပ်သားသစ်စုဆောင်းရာတွင် အတင်းအကျပ် စုဆောင်းခြင်းမျိုးမဟုတ် မိမိစိတ်ဆန္ဒဖြင့် တပ်ထဲဝင်လာကြသူများဖြစ်ပြီး ဝင်ချင်တိုင်းဝင်၍မရ ဥပဒေနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဖြင့်ညီညွတ်မှ လက်ခံခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ စစ်ဥပဒေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ★

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂-၂-၂၀၀၇
(သောကြာနေ့)

# ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေး ကာကွယ်ထိန်းသိမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ တိုင်းရင်းသား မျိုးနွယ်စုပေါင်း တစ်ရာကျော်တို့သည် အတူတကွပေါင်းစည်း ယှဉ်နွှယ်လာခဲ့ပြီး ပြည်ထောင်စုကြီးအတွင်း ရှေးပဝေသဏီကပင် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြရာ တိုင်းရင်းသားသွေးချင်းများ၏ စိတ်သန္တာန်တွင် ပြည်ထောင်စုစိတ်ဓာတ်သည် အစဉ်ရှင်သန် နိုးကြားလျက်ရှိသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကား၊ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့ဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူ ထိန်းသိမ်းနိုင်ခဲ့သည်။

ဤကဲ့သို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်ကို စတင်သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားလူမျိုးအားလုံးအတွက် အမွန်အမြတ်ထားရသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည်။

ပြည်ထောင်စုနေ့ အခမ်းအနားကြီးများတွင် ညီနောင်သွေးချင်း တိုင်းရင်းသားများသည် အတူတကွပေါင်းဆုံ၍ ယဉ်ကျေးမှုခလေ့စရိုက် အစဉ်အလာအခြေခံချင်းတူညီမှု၊ အပြန်အလှန်နားလည်လေးစားမှု၊ ရိုးရာယဉ်ကျေးမှုချင်း ပေါင်းစည်းယှက်နွှယ် ဖြစ်ထွန်းနေမှုများကို ကိုယ်တွေ့သိမြင်ခံစားကြရသည်ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ ပိုမိုဖြစ်ထွန်းလျက်ရှိသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာနိုင်မည်ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ဖြစ်ထွန်းတည်ရှိနေသည့် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများနှင့်အညီ ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါသည်။ ။




## ပေးအပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနေ ဖခင်ကြီး ဦးကြိုင်ကို အမှူးပြု၍ သမီး ဒေါ်မေရီကြိုင်၏ (၆၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးသန်းစိန်–ဒေါ်မေရီကြိုင်၊ မြေး မြမြင့်မြင့်မိုးနှင့် ယွန်းမြတ်ဝေဖြိုး သားသမီး မြေးတစ်စုတို့က အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပုဂံရှေးဟောင်းဂူဘုရားအမှတ်(၁၅၀၀–က) ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

**မူလကုသိုလ်ရှင်နှင့် ဘိုးဘွားမိဘဆရာသမားတို့အား ရည်စူး၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ဇနီး ဒေါ်ခင်ပြုံးနှင့် သားသမီးမြေး မိသားစုတို့က ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးသော ပုဂံယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်း ဂူဘုရားအမှတ် (၁၅၀၀–က)အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် ယင်းဘုရားအမှတ်(၁၅၀၀–က)၌ကျင်းပသည်။**

ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ အခမ်းအနားသို့ ဘုရားဒါယကာ အလှူရှင်မိသားစုနှင့် ရှေးဟောင်း သုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ မင်္ဂလာအချိန်တွင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ဘုရားအမှတ် (၁၅၀၀–က)၏ မုခ်လေးဘက်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုများ ရှေ့မှောက်၌ ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

ဆက်လက်၍ သဗ္ဗညုကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များအား ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး မိသားစုတို့က ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်း အစုစုကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယက အကျိုးတော်ဆောင်မြစည်းခုံဆရာတော် ဘဒ္ဒန္တသုဇာတကအနုမောဒနာ တရားဟောကြား ချီးမြှင့်တော်မူပြီး ဘုရားဒါယကာနှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သဗ္ဗညုကျောင်း၌ ဆရာတော်၊ သံဃာတော်များအား အလှူရှင်များကဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ပုဂံယဉ်ကျေးမှုဒေသတွင် ယခုအခါ ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူ၊ ဘုရား၊ သိမ်၊ကျောင်း၊ဇရပ်၊ စာသင်ဂူစသည်ဖြင့် ၂၂၃၀ ဆူရှိပြီး မြေအောက်၌ ရောက်ရှိနေသော ဘုရားကုန်းများကို ဖော်ထုတ်ခဲ့ရာ ၈၉၂ ကုန်း ဖော်ထုတ်နိုင်ခဲ့သဖြင့် စုစုပေါင်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ ၃၁၂၂ ခု ရှိသည်။ ယင်းတို့အနက် ပြုပြင်ရန်လိုအပ်သော ရှေးဟောင်း အဆောက်အအုံ ၁၁၇၅ ဆူကို နိုင်ငံတော်နှင့် ပြည်သူအများ အလှူငွေဖြင့် ပြုပြင်ခဲ့ပြီးဖြစ်သည်။ ယခု ဘုရားအမှတ် (၁၅၀၀–က)မှာလည်း ပြန်လည်ဖော်ထုတ်ရရှိသောရှေးဟောင်း ကုန်းဘုရား ၈၉၂ ဆူအနက် တစ်ဆူ အပါအဝင်ဖြစ်ကာ ပုဂံမြို့ဟောင်း အတွင်းရှိ ဓမ္မရံကြီးဂူဘုရား၊စူဠာမဏိ ဂူဘုရား၊ ပြာသာဒ်ကြီးဂူဘုရားများ သို့ သွားရာလမ်းတွင် တည်ရှိသည်။

ပုဂံယဉ်ကျေးမှုဒေသရှိ ကျန်ရှိသေးသော ရှေးဟောင်းဘုရားများကို ပြန်လည်ဖော်ထုတ်ပြုပြင် ထိန်းသိမ်းခြင်းဖြင့် ကုသိုလ်ပါဝင်လိုသူများသည် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း ၀၆၇–၄၀၈၀၃၂၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဖုန်း ၀၆၇–၄၀၈၀၃၈၊ ၄၀၈၀၄၀၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ ဌာနခွဲ ဖုန်း ၀၆၁–၆၀၂၆၉၊မန္တလေးယဉ်ကျေးမှုဒေသဌာနခွဲ ဖုန်း၀၂–၃၉၁၅၆၊ ၃၆၃၆၅၊ ရန်ကုန်ဌာနခွဲ ၀၁–၅၁၂၁၃၇၊ ၅၁၅၀၇၄တို့နှင့် ဆက်သွယ်ကုသိုလ်ယူ လှူဒါန်းနိုင်ကြကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**



## ဆက်ကပ်လှူဒါန်း

**ပုဂံယဉ်ကျေးမှု နယ်မြေရှိ ရှေးဟောင်းဂူဘုရား အမှတ် (၁၅၀၀–က)အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ မင်္ဂလာအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်၊ ဇနီး ဒေါ်ခင်ပြုံးတို့ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)



**အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း မင်္ဂလာတောင်ညွန့်၏ ၂၀၀၆–၂၀၀၇ပညာသင်နှစ် မိဘ၊ ဆရာ၊ ကျောင်းသားစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၆ရက်ကကျင်းပရာ သူငယ်တန်းမှ မောင်ကောင်းဝေယံလှိုင်အား ကျောင်းအုပ်ဆရာကြီး ဦးလှမြင့် ဆုချီးမြှင့်စဉ်။** (ပညာရေး)

**မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းမူကြိုကျောင်းတွင်ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပစဉ်။** (လူမှုဝန်ထမ်း)



## မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

## အထက(၂)မရမ်းကုန်း အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

အထက(၂)မရမ်းကုန်းမြို့နယ်(ယခင် စိန့်ဂျူစ်အကယ်ဒမီ)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်နံနက်၉နာရီတွင် အထက (၂) မရမ်းကုန်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ၊ လက်ရှိကျောင်း၌တာဝန်ထမ်းဆောင်နေကြသောဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ပါရန်ဖိတ်ကြားထားသည်။ အလှူထည့်ဝင်လိုသူများသည် ဒေါ်ခင်မြတ်သူ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး ဖုန်း–၀၉၈၀၂၅၁၉၉၊ ၆၄၁၆၁၄)၊ ဒေါ်နီလာစိုး ဖုန်း–၀၉၈၀၃၀၂၃၆၊ ၆၆၇၉၁၆၊ ဦးထွန်းထွန်း ဖုန်း–၀၉၅၁၆၇၅၈၄၊ ဒေါ်အေးအေးမော် ဖုန်း–၆၅၂၀၇၄၊ ဒေါ်နီနီ အထက(၂)မရမ်းကုန်း ဖုန်း–၆၆၂၀၇၈နှင့် ဒေါ်ကြည်ကြည်အေး အထက(၂)မရမ်းကုန်း ဖုန်း ၆၆၂၀၇၈၊ ကိုသောင်းဟန် ဖုန်း–၆၅၀၄၂၇၊ ဦးလှိုင်ဘွားထွန်း ဖုန်း–၆၄၁၁၇၉၊ ဒေါ်ခင်စန်းယုဝေ ဖုန်း ၀၉၅၀၀၄၈၅၉ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ပူဇော်ပွဲမတိုင်မီ အပတ်စဉ် တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် အထက်ပါကျောင်း၌ ညှိနှိုင်း စည်းဝေးပွဲရှိပါ၍ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

**(က–ပ)**





## ဆွေးနွေးမှာကြား

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးတာဝန်များကို မည်သူ၏ တိုက်တွန်းချက်မှ မစောင့်ဘဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်သင့်လုပ်ထိုက်သည်များ ဆက်လက်လုပ်ဆောင်

★ **မိမိတို့မှ**

စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း။

မိမိတို့ကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ရက်တွင်စတင်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင် ထပ်မံပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

**ထိရောက်အောင်မြင်**

မိမိတို့ကော်မတီသည် ၂၀၀၄ ခုနှစ်ကစပြီး အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အတော်ထိရောက် အောင်မြင်မှုများရှိခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ဤကာလအတွင်း UNDP, UNICEF စသည့် ကုလသမဂ္ဂဌာနေအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိမိတို့၏ဆောင်ရွက်ချက်များကို အဆိုပါအဖွဲ့များအား သက်ဆိုင်ရာ စစ်သားစုဆောင်းရေးတပ်များသို့ လိုက်လံပြသပြီး စုဆောင်းထားသည့် တပ်သားသစ်များနှင့်လည်း တွေ့ဆုံပေးခဲ့ကြောင်း။

**မေးမြန်းခွင့်ပေးခဲ့**

၂၀၀၆ခုနှစ် ဩဂုတ်လအတွင်းတွင် ကုလသမဂ္ဂဆိုင်ရာ UNICEF ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr, Kul Gautan မြန်မာနိုင်ငံသို့ လာရောက်စဉ်ကလည်း မိမိကိုယ်တိုင် အဆိုပါပုဂ္ဂိုလ်နှင့်လက်ခံ တွေ့ဆုံပြီး အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးရေး၊ ထိန်းသိမ်းကာကွယ်ရေးစသည့် မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြခဲ့ပြီး စစ်သားစုဆောင်းရေးတပ်များသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုရန် မိမိအနေဖြင့် ဖိတ်ခေါ်ခဲ့ကြောင်း၊ ၎င်းခရီးစဉ်နောက်ပိုင်း မြန်မာနိုင်ငံရှိ UNDPနှင့် UNICEFတို့မှ ဌာနေကိုယ်စားလှယ်များအား မန္တလေးရှိ ICRC ရုံးအကြီးအကဲနှင့်အတူ ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် မန္တလေးစစ်သားစုဆောင်းရေးတပ်၌ တပ်သားသစ်များ စုဆောင်းပုံနှင့် စုဆောင်းထားသည့် တပ်သားသစ်များနှင့် တွေ့ဆုံပေးပြီး ရင်းရင်းနှီးနှီးမေးမြန်းခွင့်ပေးခဲ့ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ စစ်သံရုံးများမှ စစ်သံမှူးများအားလည်း ရန်ကုန်ရှိ စစ်သားစုဆောင်းရေးတပ်မှ တပ်သားသစ်များနှင့် ဖောင်ကြီးရှိ လေ့ကျင့်ရေးကျောင်းတို့သို့ ပို့ဆောင်ပေးပြီး လေ့လာစေခဲ့ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံရှိ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ UNDP, UNICEF ဌာနေကိုယ်စားလှယ်များအား ရန်ကုန်တွင် အလားတူ ပြသရန် မိမိတို့စီစဉ်ထားကြောင်း။

**စနစ်ကျနစ**

**မိမိတို့ ကော်မတီ၏ ဦးစီးလမ်းညွှန်ဆောင်ရွက်မှုများကြောင့် တပ်သားသစ်များ စုဆောင်းရာတွင် မိမိတို့တပ်မတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စနစ်ကျနစွာ စုဆောင်းလာကြပြီး တချို့ငယ်ရွယ်လွန်းသူများကို မိဘများထံ ပြန်လည်အပ်နှံပေးခြင်း၊ မိဘများ၏ စာရေးသားတင်ပြချက်များအရ တချို့အသက်လိမ်လည်၍ ဝင်ရောက်လာသူများကို မိဘများထံ ပြန်လည်အပ်နှံပေးခြင်း၊ ညွှန်ကြားချက်များပါ သတ်မှတ်ချက်များနှင့် မကိုက်ညီသူ၊ ဆေးစစ်ရာတွင် ဆေးမအောင်သူများကိုလည်း လက်မခံဘဲ မိဘများထံ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း။**

ကိန်းဂဏန်းအရ အတိအကျပြောရလျှင် ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ အသက်ငယ်ရွယ်လွန်းသူ ၁၂၂ဦးကို မိဘများထံ ပြန်လည်စေလွှတ်အပ်နှံပေးခဲ့ပြီး သတ်မှတ်ချက်နှင့် မကိုက်ညီသူ၂၆၈ဦး၊ ဆေးမှတ်ချက်ဖြင့် ဆေးမအောင်သူ၁၇၇ဦး စုစုပေါင်း ၅၆၇ဦးကို မိဘများထံပြန်လည်စေလွှတ်ပေးခဲ့ကြောင်း၊ ထိုသို့မိမိတို့၏ ဆောင်ရွက်ချက်များကိုလည်း Focal Point တာဝန်ယူထားသည့်နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာများကိုလည်းအသိပေးအကြောင်းကြားခဲ့ကြောင်း။

**အသိပေးခဲ့**

ထိုသို့ဆောင်ရွက်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများသို့ ပုံမှန်အသိပေးလျက်ရှိပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းမြန်မာကိုယ်စားလှယ်အနေဖြင့်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား အကြိမ်ကြိမ်တွေ့ဆုံကာ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အမည်စာရင်းများနှင့်တကွ အသိပေးခဲ့ကြောင်း။

အားလုံးသိကြသည့်အတိုင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည်ဟူသော အကြောင်းပြစွပ်စွဲမှုများ လုပ်ကြံဖန်တီးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစီအစဉ် Agenda တွင် ထည့်သွင်းဆွေးနွေးခွင့် ရရန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မဲခွဲ ဆုံးဖြတ်ရာတွင် နိုင်ငံရေး၊ စီးပွားရေးအရဖိအားပေးဆောင်ရွက်မှုများကြောင့် အနိုင်ရရှိခဲ့သော်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က Double Veto အာဏာသုံးကာ ပယ်ချခဲ့မှုကြောင့် ၎င်းတို့၏ လုပ်ကြံမှုများ အရေးရှုံးနိမ့်သွားခဲ့ကြောင်း။

သို့ရာတွင် အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသည်များကို အမျိုးမျိုးပုံဖော်ပြီး ဖိအားပေးလာဦးမည်ဖြစ်ကြောင်း၊ Armed Conflict, Child Soldier စသည့်ကိစ္စများဖြင့် စွပ်စွဲပြီး မိမိတို့၏ပြည်တွင်းရေးကို နည်းမျိုးစုံသုံးပြီး ဝင်ရောက် စွက်ဖက်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်လာဦးမည်ဖြစ်ကြောင်း။

**သတိတရားလက်ကိုင်ထား**

ပြည်တွင်းပြည်ပ၌ရှိနေသည့် ပြည်ပအားကိုး အမျိုးသားသစ္စာဖောက်များကလည်း တိုင်းပြည် ပျက်ရင်ပျက်ပါစေ အာဏာရရင်ပြီးရောဆိုသည့် အတ္တစွဲများဖြင့် နယ်ချဲ့လက်သစ်များကို လက်ယပ်ခေါ်နေကြသည့်အတွက် ဤအန္တရာယ်များကို သတိတရား လက်ကိုင်ထားပြီး ပြည်သူများ၏ စည်းလုံးညီညွတ်သည့် အင်အား၊ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်စွမ်းပကားများဖြင့် ရင်ဆိုင်ဟန့်တားကျော်လွှားကြရမည်ဖြစ်ကြောင်း။

အဖွဲ့ဝင်နိုင်ငံ ၁၁၈ နိုင်ငံ ပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နည်းတူ အမှန်တရားဘက်က မိမိတို့နိုင်ငံကို ခိုင်ခိုင်မာမာရပ်တည် ပေးနေကြသည့်အတွက် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေဘဲ မိမိတို့လုပ်သင့်သောလုပ်ငန်းများကို တစိုက်မတ်မတ်ဆက်ပြီးလုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း။

**ဝင်ချင်တိုင်းဝင်၍မရ**

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ၏အကျိုးစီးပွားကိုကာကွယ်ရန်၊ ကိုယ့်အချုပ်အခြာ အာဏာကိုကာကွယ်စောင့်ထိန်းရန်၊ လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားကြသည်ချည်းပင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖွဲ့စည်းတည်ထောင်ရန်အတွက် စစ်သားစုဆောင်းမှုပြုကြရကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသောအင်အားများအတွက် တပ်သားသစ်များ စုဆောင်း ကြရကြောင်း၊ မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ကိုအခြေခံပြီး ဖွဲ့စည်းထားသည့်တပ်မတော်ဖြစ်ကြောင်း၊ တပ်သားသစ် စုဆောင်းရာတွင် အတင်းအကျပ် စုဆောင်းခြင်းမျိုးမဟုတ်ကြောင်း၊ မိမိစိတ်ဆန္ဒဖြင့် တပ်ထဲဝင်လာကြသူများဖြစ်ကြောင်း၊ မိမိစိတ်ဆန္ဒဖြင့် ဝင်လာကြခြင်းတောင် ဝင်ချင်တိုင်းဝင်၍ မရကြောင်း၊ အသက်(၁၈)နှစ် ပြည့်မှ၊ကျန်းမာကြံ့ခိုင်မှ၊ ရာဇဝတ်မှုစသည့် အမှုအခင်း ကင်းရှင်းမှ၊ ဥပဒေ၊ နည်းဥပဒေစည်းမျဉ်း စည်းကမ်းဖြင့်ညီညွတ်မှ လက်ခံခြင်းဖြစ်ကြောင်း။

**မိမိတို့တပ်မတော်၌ အကြောင်းအမျိုးမျိုးကြောင့် အသက်(၁၈)နှစ်မပြည့်ဘဲ အသက်လိမ်ပြီး ဝင်လာကြသည့်သူများကိုပင် စစ်ဆေးတွေ့ရှိလျှင် မိဘများဆီ ပြန်ပို့ပေးကြောင်း၊ အတင်းအကျပ်စုဆောင်းလျှင်လည်း တာဝန်ရှိသည့်သူများ သိရှိသောအခါ အရေးယူအပြစ်ပေးကြောင်း၊ မိမိတို့ကော်မတီအနေဖြင့်လည်း မိမိတို့၏လုပ်ငန်းတာဝန်ဖြစ်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးတာဝန်များကို မည်သူ၏ တိုက်တွန်းချက်မှ မစောင့်ဘဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိလုပ်သင့် လုပ်ထိုက်သည်များကို ဆက်လက်လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း** မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာကသိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့်တပ်မတော်ဆိုင်ရာကဏ္ဍ စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**မိမိတို့တပ်မတော်၌ အကြောင်းအမျိုးမျိုးကြောင့် အသက်(၁၈)နှစ်မပြည့်ဘဲ အသက်လိမ်ပြီး ဝင်လာကြသည့်သူများကိုပင် စစ်ဆေးတွေ့ရှိလျှင် မိဘများဆီ ပြန်ပို့ပေးကြောင်း၊ အတင်းအကျပ်စုဆောင်းလျှင်လည်း တာဝန်ရှိသည့်သူများ သိရှိသောအခါ အရေးယူအပြစ်ပေးကြောင်း။**



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဒေသဆိုင်ရာ ပြဿနာများနှင့်စပ်လျဉ်း၍ အမေရိကန်၏ တစ်ဖက်သတ်ပြုမူမှုကို တားဆီးရန်လို

**တီဟီရန် ဇန်နဝါရီ ၁၀**

ဒေသဆိုင်ရာ ပြဿနာများနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်ပြုမူဆောင်ရွက်မှုကို တားဆီးကာကွယ်နိုင်ရန် ဥပဒေမူဘောင်များအတွင်းမှနေ၍ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ထိရောက်မှုရှိသည့်နည်းလမ်းပင်ဖြစ်ကြောင်း အီရန်နိုင်ငံက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ဒေသဆိုင်ရာ ပြဿနာများတွင် ဝင်ရောက်စွက်ဖက်သည့် အမေရိကန်၏ ရည်မှန်းချက်များကို ချေဖျက်နိုင်ရန် ဒေသတွင်း နိုင်ငံများသည် ဥပဒေမူဘောင်များအတွင်းမှ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာဆယိဒ်အလီခါမေနီက တီဟီရန်သို့ ရောက်ရှိနေသော ရုရှားအမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူး အီဂေါ်အီဗန်နော့ဗ်နှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အီရန်နှင့်ရုရှားနိုင်ငံတို့တွင် ဓာတ်ငွေ့သိုက်ပေါများစွာတည်ရှိကြောင်း၊ ရေနံတင်ပို့သောနိုင်ငံများအဖွဲ့ (အိုပက်)ကဲ့သို့သော ဒေသဆိုင်ရာ စွမ်းအင်အဖွဲ့တစ်ဖွဲ့ ထူထောင်ကာ မိမိတို့ဆောင်ရွက်သင့်ကြောင်း ခါမေနီက ပြောကြားသည်။

အီရန်နိုင်ငံသို့လာရောက်သည့်အီဗန်နော့ဗ်၏ ခရီးစဉ်မှာ အလွန်အရေးပါကြောင်း၊အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့်ပတ်သက်၍ ဖြေရှင်းနိုင်မည့် နည်းလမ်းသစ်ကို ရှာဖွေရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သံတမန်များက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# မလက္ကာရှိရှေးဟောင်းခံတပ် ပြန်လည်တည်ဆောက်မည်

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၀**

မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ ပျက်စီးနေပြီဖြစ်သည့် သမိုင်းဝင် ဖာမိုဆာခံတပ်ကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူများကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ဒေသခံသတင်းဌာနအရ သိရှိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ရှေးဟောင်းအမွေအနှစ်ဌာနက အဆိုပါ ခံတပ်ကို အဆင့်လိုက် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးနိုင်သည်ဟု အဆိုပါဌာနမှ မင်းကြီးဖြစ်သူ အဗ္ဗဒူမာဂျစ်က ပြောကြားသည်။

၁၅၁၁ ခုနှစ်က ဆောက်လုပ်ခဲ့သည့် အဆိုပါခံတပ်၏ မီတာ ၃၅၀ အရှည်ရှိ တံတိုင်းကို အလျား ရှစ်မီတာ၊ အနံ ငါး မီတာရှိ ကျောက်တုံးများဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပြီး ခံတပ်အတွင်းရှိ သမိုင်းဝင် အဆောက်အအုံများမပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်ဟု မာဂျစ်က ပြောကြားသည်။

ယင်းခံတပ် ပြင်ဆင်ဆောက်လုပ်ပြီးသွားပါက ယင်းအဆောက်အအုံသည် မလေးရှားနိုင်ငံတွင် ထင်ရှားသည့် သမိုင်းဝင်အဆောက်အအုံ ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းခံတပ်ကို ပေါ်တူဂီတို့က ၁၅၁၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ၁၆၄၁ ခုနှစ်တွင် ဒတ်ချ်တို့ ကျူးကျော်တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




ကနေဒါနိုင်ငံ အော့တဝါမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုံ့ဆော်သူတစ်ဦး ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှိုးဆော်နေသည်ကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# သဘာဝဘေးအန္တရာယ်ကြောင့်သေဆုံးရမှု အာရှဒေသတွင် အများဆုံးဖြစ်

**ဂျီနီဗာ ဇန်နဝါရီ ၃၀**

အာရှဒေသသည် ၂၀၀၆ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် အများဆုံး ကျရောက်ခဲ့သည့် ဒေသဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လူပေါင်း ၂၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

## ကျရောက်

အဆိုပါ အစီရင်ခံစာကို ဘယ်ဂျီယံအခြေစိုက် စီအာအီးဒီသုတေသနအဖွဲ့နှင့် ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် လျှော့ချရေး အေဂျင်(စီအိုင်အက်စ်ဒီအာ) တို့က ပူးပေါင်းပြုစုခဲ့သည်။ အာရှဒေသတွင် ရေလွှမ်းမိုးမှု၊ ဒီရေကြီးမှု၊ မြေပြိုမှု၊ လေမုန်တိုင်း တိုက်ခတ်မှုနှင့် မြေငလျင်လှုပ်မှု စသည့်ဘေးအန္တရာယ်များ ကျရောက်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥရောပဒေသတွင် ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးရသူ ဦးရေသည် ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဆိုးရွားပြင်းထန်မှုကြောင့် သေဆုံးရသူဦးရေ၏ ၅ ရာနှုန်းမှ ၁၅ ရာနှုန်းအထိ မြင့်တက်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

အနိမ့်ပိုင်းလွင်ပြင်များနှင့် မြစ်ဝှမ်းဒေသများတွင် လူသန်းချီနေထိုင်သော အာရှဒေသသည် ယခုထက်တိုင် သဘာဝ၏ ဘေးအန္တရာယ်ကျရောက်မှုကို အများဆုံး ခံနေရသည့်ဒေသဖြစ်နေသည်ဟု စီအာအီးဒီမှ ဂူဟာစပါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# နိုင်ဂျီးရီးယား၌ မူးယစ်ဆေးဝါးဖျက်ဆီး

**လေဂို့စ် ဇန်နဝါရီ ၃၀**

နိုင်ဂျီးရီးယားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ဥပဒေစိုးမိုးရေးအဖွဲ့ (အင်ဒီအယ်လ်အီးအေ)သည် နိုင်ငံတောင်ပိုင်း ဘာယယ်လ်ဆာပြည်နယ်၌ မူးယစ်ဆေးဝါး ကီလိုဂရမ် ၆၇၀ နီးပါးကို ကြာသပတေးနေ့တွင် ဖျက်ဆီးလိုက်ကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖျက်ဆီးလိုက်သည့် မူးယစ်ဆေးဝါးများတွင် ဆေးခြောက် ၅၈၄ ဒသမ ၉၄ ကီလိုဂရမ်၊ ဘိန်းဖြူ ၆၇ ဒသမ ၅ ကီလိုဂရမ်နှင့် စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါး ၁၀ ဒသမ ၂ ကီလိုဂရမ် ပါဝင်သည်။

နိုင်ငံတွင်း၌ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှုကို ထိထိရောက်ရောက် တိုက်ဖျက်ချေမှုန်းရန် မဟာဗျူဟာသစ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အင်ဒီအယ်လ်အီးအေဥက္ကဋ္ဌ အယ်လ်ဟာဂျီအာမာဒူ ဂီယာဒီက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ပါကစ္စတန်၌ ရထားပေါ်သို့ ဓာတ်အားလိုင်းပြတ်ကျ

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၀**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ရှီကာပူမြို့တွင် ဇန်နဝါရီ ၂၈ ရက်က မီးရထားခေါင်မိုးပေါ်၌ စီးနင်းလိုက်ပါလာသူများ ဓာတ်လိုက်ခံရပြီး ၁၂ ဦး သေဆုံးကာ အများအပြားဒဏ်ရာရရှိသွားကြောင်း ဂျီအိုရုပ်သံဌာနက သတင်းကြေညာသွားသည်။

မီးရထားခုတ်မောင်းနေစဉ် ရထားခေါင်မိုးပေါ်မှ လိုက်ပါစီးနင်းလာသူများမှာ ကောင်းကင်ဓာတ်ကြိုးများ ပြတ်ကျသဖြင့် ဓာတ်လိုက်ခံရသည့် ဖြစ်ရပ်ဖြစ်ပွားရခြင်းဖြစ်သည်။ ယင်းရထားသည် နိုင်ငံ၏ အရှေ့တောင်ဘက်ရှိ ဂျာကိုဘာဘတ်မြို့မှ ရိုရီမြို့ဆီသို့ ခရီးနှင်နေခြင်းဖြစ်သည်။

မီးရထားခုတ်မောင်းနေစဉ် ရှီကာပူမြို့ ရထားလမ်းဆုံအနီးအရောက်တွင် ရထားခေါင်မိုးပေါ်သို့ ဝါယာကြိုးပြတ်ကျသည့်အဖြစ်နှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ယင်းဒေသသည် ကရာချိမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၃၈၀ အကွာတွင် တည်ရှိသည်။ အခင်းဖြစ်ပွားမှု ပေါ်ပေါက်ပြီးနောက်တွင် ရထားကို ရပ်လိုက်ပြီး ဒဏ်ရာရသူများကို ဒေသရှိ ဆေးရုံသို့ အမြန်ဆုံးပေးပို့ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# အမေရိကန်ရေတပ် ရေယာဉ်မှူးတစ်ဦး ရာထူးမှဖယ်ရှားခံရ

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်ရေငုပ်သင်္ဘောတစ်စင်းသည် ဂျပန်ရေနံတင်သင်္ဘောတစ်စင်းနှင့် ပင်လယ်ကွေ့ဒေသတွင် တိုက်မိခဲ့ပြီးသည့်နောက် အဆိုပါသင်္ဘောမှ ရေယာဉ်မှူးအား ၎င်း၏ ရာထူးမှ ဖယ်ရှားလိုက်ကြောင်း အမေရိကန်ရေတပ်က တနင်္လာနေ့တွင် ပြောကြားသည်။

ယူအက်စ်အက်စ် နယူးစ် အမည်ရှိ နျူကလီးယားအင်အားသုံး ရေငုပ်သင်္ဘောသည် မိုဂမ်မီဂါဝါအမည်ရှိ ဂျပန်သင်္ဘောနှင့် ဟော်မုဇ်ရေလက်ကြားတွင် ဇန်နဝါရီ ၈ ရက်က တိုက်မိခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

ရာထူးမှ ဖယ်ရှားခံရသည့်ရေယာဉ်မှူးမှာ မက်သယူးဝိန်ဂတ်ဖြစ်ပြီး လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု နည်းသဖြင့် ရာထူးမှဖယ်ရှားခံရခြင်းဖြစ်သည်ဟု ရေတပ်က ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။ ရေငုပ်သင်္ဘောသည် လောလောဆယ်တွင် ဘာရိန်းနိုင်ငံ၌ ရှိနေသည်။

အဆိုပါ ရေငုပ်သင်္ဘောကို ယာယီ ပြင်ဆင်ပြီးပါက အမေရိကန်ပြည်ထောင်စုသို့ ပြန်ပို့မည်ဖြစ်ပြီး အကြီးစားပြင်ဆင်မှုဆက်လက်ပြုလုပ်မည်ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြသထားသည့် နှစ်ပေါင်း ၁၈၀၀၀ က ဟော့ဘစ်ခေါ် လူပုလူမျိုး တစ်မျိုး၏ ဦးခေါင်းခွံတစ်ခုကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဌာပနာတော်များ ထည့်သွင်းပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၁

**စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ သက်တော်(၇၆)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်နှင့် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီး အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီတွင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာရှိ ရုပ်တော်မူမြတ်စွာဘုရားကြီးခြေတော်ရင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အထက်ဌာပနာတော်၌ ဌာပနာတော်များ ထည့်သွင်းပူဇော်သည်။**

အဆိုပါ ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ စစ်ကိုင်းတပ်နယ်နှင့် မုံရွာတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ၊ ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံပြည်သူ ငါးသောင်းကျော် တက်ရောက်ကြည်ညိုကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အလှူရှင်များသည် သံဃာတော်အပါး ၁၀၀၀ နှင့်သီလရှင်အပါး ၁၀၀၀တို့အား ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ ထို့နောက်အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည်ညိုကြသည့် ပရိသတ်များအား စတုဒိသာ လှူဒါန်းကျွေးမွေးကြသည်။

ဆက်လက်၍ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များကို ချီးမြှင့်တော်မူသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို သယ်ဆောင်၍ လေးကျွန်းစကြာ ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် လေးကျွန်းစကြာ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အတွင်း ထည့်သွင်းပူဇော်မည့် ဌာပနာတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့က လှူဒါန်းသည့် ရုပ်ပွားတော်များနှင့် မဟာဗောဓိရွှေညောင်ပင်တို့အားဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဓာတ်တော်များအားလည်းကောင်း၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကျန်ရှိသည့် ဌာပနာတော်ပစ္စည်းများအားလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အများပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ဦးတင်မောင်–ဒေါ်နန်းလှစိန် (ဟွန်ဒါမြန်မာကုမ္ပဏီ) က ငွေကျပ်သိန်း ၅၀နှင့် မဟာဗောဓိတစ်ထောင် ကုန်းမြေ စိမ်းလန်းစိုပြည်ရေးအတွက် လှူဒါန်းငွေကျပ် သိန်း ၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အနောက်မြောက် တိုင်း စစ်ဌာနချုပ်က ငွေကျပ် ငါးသိန်း၊ ဦးလှမင်း – ဒေါ်ယမင်းသန့်တို့က ငွေကျပ် သိန်း ၉၀၊ စင်ကာပူနိုင်ငံမှ အလှူရှင်များက ငွေကျပ် ၁၂၅သိန်း၊ ဦးတင်ဝင်း (တင်ဝင်းထွန်း ကုမ္ပဏီ) မိသားစုက ငွေကျပ် ၁၇၆၆၅၀၀၊ မန္တလေးမြို့မှ ဦးကြင်အေး – ဒေါ်ကင်အီး မိသားစုက ငွေကျပ် ၂၅သိန်း၊ မူဆယ်မြို့မှ ဦးဋ္ဌေးဦး – ဒေါ်ကြူကြူမြင့် (ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း၂၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် သိန်း ၃၀၊ မြင်းခြံမြို့မှ ဦးခင်မောင်ဇင် – ဒေါ်အေးအေးမော်မိသားစုက ငွေကျပ် သိန်း ၂၀၊ ဦးသိန်းမြင့် – ဒေါ်မြင့်မြင့်သိန်း ရတနာ မိသားစုက ငွေကျပ် ၁၂သိန်း၊ မန္တလေးမြို့မှအလှူရှင်များက ငွေကျပ်၆၅၀၀၀၀၊ ရန်ကုန်မြို့မှ ဒေါက်တာဝင်းနိုင် – ဒေါ်နီလာ၊ သား စောပြည့်ဝင်းနိုင်တို့က ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ် သိန်း ၇၀၀၇၆၆၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်သာအေး ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အသီးသီးလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ လှူဒါန်းသည့် ရုပ်ပွားတော်များနှင့် မဟာဗောဓိ ရွှေညောင်ပင်တို့ကိုလည်းကောင်း၊တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ဓာတ်တော်မွေတော်များ၊ ဗုဒ္ဓဆင်းတုတော်များနှင့်ဌာပနာသွင်းလှူပူဇော်မည့် လက်ဝတ်ရတနာများကိုလည်းကောင်း၊ ဒေဝါဝင်း၊ ရာဇာဝင်းများဦးဆောင်၍ ဥပါသကာများ ခြံရံလျက် မင်္ဂလာမဏ္ဍပ်မှ လေးကျွန်းစကြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ခြေတော်ရင်းသို့ ပင့်ဆောင်ကြကာ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် အပူဇော်ခံကြပြီး ဌာပနာတော်သွင်းလှူမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ၃၁ထပ်မြောက်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဗောဓိတစ်ထောင် ကျောင်းတိုက်မှ နာယကဆရာတော် ငါးပါးဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင် အုန်းတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးခေါင်းတော်အတွင်းရှိ အထက် ဌာပနာတိုက်၌ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထိုအချိန်တွင် ဆရာတော်၊ သံဃာ တော်များက ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော အောင်ဂါထာကို ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ပြီး ဌာပနာတော်သွင်း မင်္ဂလာ အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးကြသည်။

ယခုကျင်းပသည့် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေ အတွင်း တည်ထားကိုးကွယ်မည့် လေးကျွန်းစကြာ ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ခတက္ကန်ကျေးရွာ အနီးရှိ ဇီးဖြူတောင်ပေါ်၌ ပြည်သူအများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် မဟာဗောဓိတစ်ထောင်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒက တည်ထားခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော် ပေ ၃၈၀၊ ပလ္လင်တော် ၄၄ပေ၊ ဉာဏ်တော်အမြင့် စုစုပေါင်း ၄၂၄ပေရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် မဟာဗောဓိတစ်ထောင် ကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် အရိုးပြာ ထည့်သွင်းဌာပနာထားသည့် အရိုးအိုးစေတီတော်သို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ညပိုင်းတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ ပူဇော်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုတို့ လှူဒါန်းသည့် ရုပ်ပွားတော်များနှင့် မဟာဗောဓိ ရွှေညောင်ပင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ (၃၇)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်းတံခွန်စိုက် (အမျိုးသား၊ အမျိုးသမီး) စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ၄ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၄ရက် နံနက် ၈နာရီတွင် ဖွင့်ပွဲအခမ်းအနား ကျင်းပပြီး ကွင်းပတ်တာတို စက်ဘီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၅ရက်တွင် မိုင် ၅၀ ရန်ကုန်–ပဲခူး–ရန်ကုန် တာဝေး စက်ဘီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၆ရက်မှ ၉ရက်အထိ ကွင်းပတ်တာတို စက်ဘီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၁၀ရက်တွင် ကွင်းပတ်တာတို စက်ဘီးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**အကြိမ်(၆၀)မြောက် ဗဟိုကောင်စီအစည်းအဝေး**

**၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်မှ (၈)ရက်**

**(အစား)**

**၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ(၅)ရက်မှ (၇)ရက်အထိ**

**ပြောင်းလဲဖိတ်ကြားအပ်ပါသည်။**

သူနာပြုတက္ကသိုလ်(အောက်မြန်မာပြည်)
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

# အဋ္ဌန နဒီကို သက်သေတည်၍ ဓညဝတီမှ အလင်းအလှူပွဲ

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကူးပြောင်းသည့် အခါသမယ၊ မြူနှင်းတို့ တဖွဲဖွဲကျနေသည့် ချမ်းချမ်းမြမြ ဆောင်းကာလမှာ ရခိုင် ရိုးမတောင်တန်းကြီးများ ဆီသို့ ရောက်ခဲ့ရပြန်ပါပြီ။ ၂၀၀၂ ခုနှစ်မှ စတင်၍ တောင်ကုတ်၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦးမြို့များသို့ မျက်စိ အခမဲ့ ကွင်းဆင်းကုသရေးခရီးစဉ်များ အောင်မြင်စွာ စီစဉ်နိုင်ခဲ့ပြီးနောက် ၂၀၀၇ ဇန်နဝါရီလတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ စီစဉ်ညွှန်ကြားမှုဖြင့် ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ရခိုင်ပြည်နယ် မင်းပြားမြို့သို့ ရောက်ရှိခဲ့ကြပြန်ပါသည်။

ရန်ကုန်မြို့မှ စစ်တွေအထိ လေယာဉ်ခရီး၊ ကျောက် တော်၊ မြောက်ဦးမှတစ်ဆင့် မင်းပြားမြို့သို့ ကားလမ်း ခရီးဖြင့် ခရီးဆက်ခဲ့ပါသည်။ စစ်တွေနှင့် မြောက်ဦးမှာ မိုင်ပေါင်း ၁၀၇ မိုင် ကွာဝေးပြီး လမ်းတစ်လျှောက် ရှုမောမဆုံးဖွယ် စိမ်းညို့ထူထပ်စွာ ပေါက်ရောက်နေသော ရော်ဘာတော၊ ဓနိတောနှင့် လိုင်ချီးပင်များ၊ စိမ်းစိုလန်းဆန်းနေသည့် စပါးခင်း၊ ပဲနှမ်း၊ မုန်ညင်းခင်းများ၊ မြင့်မားရှည်လျားလှသည့် ကွမ်းသီးပင်ပျိုများကလည်း လေယူရာယိမ်းနွဲ့ရင်း လောကတစ်ခွင် အလှဆင်လျက်ရှိသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိပြီး အရှေ့ဘက်တွင် စိမ်းညို့ပြာမှိုင်းနေသည့် နွယ်ချိုဖိုးခေါင် ရိုးမတောင်တန်း၊ အနောက် တစ်ခွင်တွင် ရှုမဆုံးသည့် ပြာလဲ့လဲ့ဘင်္ဂလား ပင်လယ်အော်ကြီးတို့ဖြင့် လွမ်းမောဖွယ်ကောင်းလှသလို တောတောင်အရပ်ရပ်၊ မြစ်၊ ချောင်း၊ အင်းအိုင် အထပ်ထပ်ဖြင့် ကြည်နူးစရာ ကောင်းလှသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ငါးပိ၊ ငါးခြောက် လုပ်ငန်း၊ ကွမ်းသီးနှင့် ဆားလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ဓာတ်သတ္တု၊ လက်မှုလုပ်ငန်းတို့ဖြင့် နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုး ပေးနေသော ဒေသကြီးတစ်ခုလည်းဖြစ်သည်။

ကျွန်မတို့ငယ်စဉ်က သင်ယူခဲ့ဖူးသည့် လေးမြို့မြစ်၊ ကုလားတန်မြစ်၊ နတ်မြစ်၊ မေယုမြစ်တို့ ဖြတ်၍ ဆောက်လုပ်ထားသော ကစ္ဆပနဒီတံတား၊ အဋ္ဌန နဒီတံတားတို့ကို ဖြတ်ကျော်လာမိစဉ် ရင်ထဲမှာ ကြည်နူးပီတိဖြစ်မိရသလို နိုင်ငံတော်၏ ကျေးဇူးတရားများကိုလည်း ဆင်ခြင်မိရပေသည်။ အားလုံး သိရှိကြပြီး ဖြစ်သည့်အတိုင်း ယခင်က ရခိုင်ပြည်နယ်နှင့် ပြည်မ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလှပြီး ယခုအချိန်မှာတော့ ရခိုင်ပြည်နယ်အတွင်းဝယ် တံတားကြီး ၁၈စင်း၊ တံတားငယ် ၁၂၄စင်းအပြင် လျှပ်စစ်မီး တပ်ဆင်ခြင်း၊ ဆေးရုံများ၊ စာသင်ကျောင်းများ တိုးချဲ့ခြင်းနှင့် အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးခြင်း စသဖြင့် ဆက်သွယ်ရေးမှအစ အဘက်ဘက်မှ ခေတ်မီတိုးတက်နေသည့် ပြယုဂ်များစွာ၊ ယင်းတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရပြန်တော့ ကျေးဇူးတရားဟူသည် သိမြင်ခံစား တတ်ဖို့လိုသလို ပြန်လည်ပေးဆပ်ကြဖို့လည်း လိုအပ်သည်ဟု တွေးနေမိပြန်သည်။ မိုင်ပေါင်း ၄၄၀ ကျော် ရှည်လျားပြီး အလွန်တရာ ကျယ်ပြောလှသည့် ကုလားတန်မြစ်ကို ဖြတ်ကျော် ကူးသန်းဖို့ဆိုသည်မှာ အိပ်မက်ပင် မမက်ဝံ့သည့် အရာပေမို့ ယခုလို လမ်းပန်းဆက်သွယ်ရေး လွယ်ကူနေတာကြောင့်လည်း ကျွန်မတို့အဖွဲ့အနေဖြင့် အခက်အခဲမရှိ ရခိုင်ပြည်နယ်တွင် စက္ခုအလင်း အလှူများ ပေးဝေကာ အလင်းတံခါးတို့ ဖွင့်လှစ်ပေးနိုင်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ရာမောင်မြစ်၏ အနောက်ဘက်ကမ်း ကျိန်းတော်ရှင် စေတီတော်မြတ်တည်ရှိရာ **"ကျိန်းရိုပ်မြေ"**ဟု တင်စား ခေါ်ဝေါ်ကြသည့် **"မင်းပြားမြို့လေး"** သည် ကျွန်မတို့ အဖွဲ့ကို ဝမ်းသာအားရ ကြိုဆိုခဲ့ကြပါသည်။



မျက်စိခွဲစိတ်ပြီးလူနာများအားစမ်းသပ်စစ်ဆေးစဉ်။

မြူနှင်းတို့ ပိန်းပိတ်အောင် လွှမ်းခြုံထားသည့် ဇန်နဝါရီ ၁၃ ရက် နေ့၏ နံနက်ခင်းဝယ် မင်းပြားမြို့ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြင့် သက်ဝင်လှုပ်ရှားနေခဲ့ကြသည်။ အတွင်းတိမ်လူနာ ၂၀၀ အခမဲ့ ခွဲစိတ်ပေးပြီး မင်းပြားမြို့နယ် အနီးဝန်းကျင်ဒေသများမှ လာရောက်ပြသကြမည့် မျက်စိဝေဒနာရှင်များ အားလုံးကိုအခမဲ့ကုသပေးပါမည်ဟု တစ်လခန့်အလို ကတည်းက ကြိုတင်ကြေညာထားခဲ့သော်လည်း ယခုကဲ့သို့ခရီးစဉ်မျိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူး၍ မယုံမရဲဖြစ်နေခဲ့ကြသည်။ အမှန်တကယ် ရောက်လာပြန်တော့လည်း မိမိတို့မပြသလိုက်ရ၊ ကုသမှု မခံယူလိုက်ရမည်ကို စိုးရိမ်ပူပန်စွာဖြင့် နံနက် ၂ နာရီကတည်းက ဆေးရုံဝင်းထဲရောက်နေခဲ့ကြသည်။ ဆောင်းကြာခြည် ခြုံလွှာအောက်မှ နှင်းတွေဝေနေသည့် မှုန်ရီဝိုးတဝါးမှာပင် ခြေချစရာနေရာမရှိအောင် ဆေးရုံဝင်း အပြင်ဘက် လမ်းမပေါ်အထိ ပြည့်လျှံနေသည့် လူအုပ်ကြီးကတော့ အားပါးတရနှင့် ကြက်ပျံမကျဟု ဆိုရမတတ်ပင်။

ဆေးရုံအဝင်ဝတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း၊ မင်းပြားဆေးရုံအုပ်ကြီး ဒေါက်တာစိုးငြိမ်းနှင့် ဆေးရုံဝန်ထမ်းများ၊ အလှူရှင် ဦးကျောက်တောင်မိသားစု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖတို့က လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါသည်။

ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်ပြီး ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာမိုးကျော်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာကေသီမြင့်နှင့်အတူ ပြည်နယ်မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးမူနှင့် အဖွဲ့က လူနာများကို စတင်ကြည့်ရှုနေစဉ်မှာပင် ဒေါက်တာစောသွင်မွန်သိန်းနှင့် ဆရာမလေးများ ဖြစ်ကြသော နော်လွယ်ကပေါ၊ ဒေါ်ဝင်းပပ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်မြသန်းကြည်(စစ်တွေ) တို့က ခွဲစိတ်ခန်းအတွင်း မိုက်ကရိုစကုပ်များ တပ်ဆင်နေရာချထားပြီး လူနာများကို အသင့်ခွဲစိတ်နိုင်ရန် စီစဉ်ခဲ့ ကြပါသည်။ ရခိုင်ပြည်နယ်၏ မြို့နယ် ၁၇ မြို့နယ်အနက်မှ မင်းပြားမြို့နယ်အပြင် ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မြောင်းဗွေမြို့နယ် ကျေးရွာများမှ မျက်စိဝေဒနာရှင်များပါ လာရောက်ပြသကြရာ လူနာ တစ်ယောက်ကို ကြည့်လျှင်လည်း နှစ်ဖက်စလုံး လုံးဝမမြင်သည့်သူ၊ နောက်တစ် ယောက်ကြည့်လည်း အလင်းရောင်ပျပျသာ မြင်ရတော့သည့် အမှန်တကယ် ခွဲသင့်သူ၊ တစ်ယောက်လာလည်း ချက်ချင်းခွဲဖို့လိုအပ်သည့်သူများသာ ဖြစ်နေတော့ရာ ပထမနေ့မှာပင် ခွဲသင့်သည့်လူနာပေါင်း ၂၀၀ကျော် ရှိနေတော့သည်။ ဤသို့ပင် ကျွန်မတို့သွားခဲ့ကြသည့် ခရီးစဉ်တိုင်းခွဲပေးသင့်ပါလျက်နှင့် ချန်ထားရစ်ခဲ့ရသော အတွင်းတိမ်လူနာများစွာရှိနေမြဲပင်။

**ကျွန်မတို့နိုင်ငံအနေဖြင့် မျက်စိကွယ်စေနိုင်သည့် ရောဂါများအနက် အတွင်းတိမ်၊ ရေတိမ်၊ အပြင်တိမ် ခေါ်မျက်ကြည်နာရောဂါ၊ မျက်စိထိခိုက်ဒဏ်ရာ၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံပျက်စီးယိုယွင်းခြင်းနှင့် အသက်ကြီး၍ မြင်လွှာ၏ဗဟိုချက် ပျက်စီးယိုယွင်းခြင်း**



ခွဲစိတ်ပြီးလူနာများအား တစုတဝေးတွေ့ရစဉ်။

**စသဖြင့်ရှိရာ မည်သည့်နိုင်ငံတွင်မဆို မျက်စိကွယ် စေနိုင်သည့်ရောဂါများ စာရင်းတွင် အတွင်းတိမ်ကသာ ထိပ်ဆုံးမှ နေရာယူလျက်ရှိပေသည်။** အတွင်းတိမ် ဆိုရာ၌လည်း သက်ကြီးတိမ်၊ ဒဏ်တိမ်၊ ဆီးချိုတိမ်၊ မွေးရာပါတိမ်ဟူ၍ ရှိပြန်ရာ သက်ကြီးတိမ်ဟူသည် ဇရာကြောင့် ဖြစ်ရပြီး ထိခိုက်ဒဏ်ရာကြောင့်ဖြစ်ရသည့် ဒဏ်တိမ်မှာမူ အသက်အရွယ်မရွေး ဖြစ်နိုင်ပေသည်။ မည်သို့သော အတွင်းတိမ်ပင်ဖြစ်စေ ခွဲစိတ်ကုသမှုမှ လွဲ၍ အခြားကုသမှု မရှိနိုင်ပေ။ မြန်မာနိုင်ငံတွင်လည်း အတွင်းတိမ်သည် မျက်စိကို ကွယ်စေတတ်သည့် အဖြစ်အများဆုံး ရောဂါဖြစ်သလို ခွဲစိတ်ကုသပြီး နောက်လည်း ရာနှုန်းပြည့် အမြင်အာရုံ ပြန်လည် ရရှိစေနိုင်မည်ဖြစ်ရာ ကျွန်မတို့ မျက်စိဆရာဝန်များအနေဖြင့် Cataract Surgery rate ခေါ် အတွင်းတိမ်ခွဲစိတ်မှု နှုန်းထားကို အများဆုံး မြှင့်တင်နိုင်မှသာ ဖြစ်ပေမည်။

**ယခုကဲ့သို့ စေတနာဆရာဝန်များက ဝေဒနာရှင် ပြည်သူများရှိရာသို့ အရောက်သွားပြီး အခမဲ့ကွင်းဆင်း ကုသမှုပေးခြင်းဖြင့် ပြည်သူတို့၏ အမြင်အာရုံကို ဖွင့်လှစ်ပေးနိုင်သလို တစ်ဖက်ကလည်း ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုပါ အကောင် အထည်ဖော်ပြီး ဖြစ်နေပေသည်။ ထို့အပြင် ကျန်းမာရေး အသိနည်းပါးရှာသော ရိုးသားလှသည့် ပြည်သူအများ လွဲမှားစွာကုသမှု ခံယူခြင်းများကိုပါ ကယ်တင်နိုင်ပြီ ဖြစ်ပေသည်။ ဆိုလိုသည်မှာ Couching ဟုခေါ်သော တိမ်ကို အပ်နှင့်ထိုးချသည့်နည်းများ မိုးကြိုးသွားနှင့် ကုသခြင်းတို့သည် မှားယွင်းသော ကုသမှုများဖြစ်ပြီး အလွန်အန္တရာယ် ကြီးလှကြောင်း ကို လူတစ်စု၊ လူတစ်ဖွဲ့၊ ဒေသတစ်ခုအတွင်း ဟောပြောရုံနှင့် မထိရောက်နိုင်ပေ။ ကျွန်မတို့ မျက်စိ ဆရာဝန်များကိုယ်တိုင် ကွင်းဆင်းကုသခဲ့သော ခရီးစဉ်တိုင်း၏ အောင်မြင်မှု ရလဒ်များဖြစ်သည့် ပြည်သူတို့၏ မျက်စိအလင်းကို ရာနှုန်းပြည့် လက်တွေ့ ကျကျ ဖွင့်လှစ်ပေးသည်ကပင် ထိုမှားယွင်းသော အယူအဆများကို အောင်မြင်စွာ ဖယ်ရှားလိုက်ခြင်းပင် ဖြစ်သည်။** တစ်ဆက်တည်းမှာပင် အတွင်းတိမ် ခွဲစိတ်မှုနှုန်းထားများ ပိုမိုမြင့်မားလာစေပြီး နိုင်ငံတော်၏ မျက်မမြင်ကာကွယ်ရေးစီမံချက်ကို အောင်မြင်စေဖို့အတွက် ကြီးစွာသော အင်အားတစ်ရပ်လည်း ဖြစ်ပေမည်။

ယခုကဲ့သို့ စေတနာဆရာဝန်များက ဝေဒနာရှင်ပြည်သူများရှိရာသို့ အရောက်သွားပြီး အခမဲ့ကွင်းဆင်း ကုသမှုပေးခြင်းဖြင့် ပြည်သူတို့၏ အမြင်အာရုံကို ဖွင့်လှစ်ပေးနိုင်သလို တစ်ဖက်ကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုပါ အကောင်အထည်ဖော်ပြီး ဖြစ်နေပေသည်။ ထို့အပြင် ကျန်းမာရေးအသိနည်းပါးရှာသော ရိုးသားလှသည့် ပြည်သူအများ လွဲမှားစွာ ကုသမှုခံယူခြင်းများကိုပါ ကယ်တင်နိုင်ပြီ။

လူသားများရှိနေသရွေ့ ကာလပတ်လုံး အတွင်းတိမ်ရောဂါကြောင့် မျက်စိကွယ်သူများ ရှိနေကြမှာပင် ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်ကလည်း မျက်စိဆရာဝန်များကို မွေးထုတ်ပေးနေသလို၊ ထိုမျက်စိဆရာဝန်များအားအတ္တထက် ပရကိုရှေ့တန်းတင်နိုင်ပြီး ပြည်သူတို့၏ စက္ခုအလင်းကို ဖွင့်ပေးမည့် စေတနာမျက်စိဆရာဝန်များ ဖြစ်လာဖို့ကိုလည်း ကျွန်မတို့၏ မျက်စိရောဂါပညာရှင်ကြီးများက ပညာရေးရာသာမက စိတ်ဓာတ်ရေးရာကိုပါ လက်ဆင့်ကမ်း အမွေပေးခဲ့ကြပေသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ★

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

**ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကျေနပ်ဝိသတိမအစည်းအဝေးကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၈၊ ၉ ရက် (၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃၊ ၂၄၊ ရက် သောကြာ၊ စနေနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၄ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္လာနေ့)တွင်လည်းကောင်း။**

**သတ္တမအစည်းအဝေး**

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁၊ ၁၂ ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆၊၂၇၊၂၈ရက် တနင်္လာ၊အင်္ဂါ၊ဗုဒ္ဓဟူးနေ့) များတွင်ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း။

**ဘွဲ့တံဆိပ်ဆက်ကပ်ပွဲ**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့၊ ၂၀၀၇ ခုနှစ် မတ်လ ၂ ရက်(သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရမည့် ဆရာတော်ကြီးများ၊သီလရှင်ဆရာကြီးများသည် ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း၁၃ရက် (၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့) တွင် လည်းကောင်း ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ကြောင်းနှင့် ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက် ကြွရောက်တော်မူကြပါရန် သာသနာရေးဦးစီးဌာနမှ ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

★ **စာမျက်နှာ(၆) ဆောင်းပါးမှအဆက်**

ထို့ကြောင့်ပင် တစ်နှစ်ထက်တစ်နှစ် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုပြီး ဤခရီးစဉ်မျိုးဖြင့် ပြည်သူတို့၏ အလင်းတံခါးများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အားရကျေနပ်စရာ ကောင်းလှပါသည်။

အမှန်တကယ်အားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော **"မျက်မမြင်"**ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ လူတစ်ယောက်၏ ပုံမှန်နေ့စဉ်ပြုလုပ်နေကျ လုပ်ငန်းဆောင်တာများကို မစွမ်းဆောင်နိုင်သည်အထိ အမြင်အာရုံချို့တဲ့ နေပြီဆိုလျှင် **"မျက်မမြင်"**ဟု သတ်မှတ်ရမည်ဖြစ်ပေသည်။

မျက်စိဆေးရုံ၊ ဆေးခန်းများတွင် စမ်းသပ်ပေးသည့် Snellen Chart ဟုခေါ်သော အမြင်အား စမ်းသပ်သည့် စာလုံးများအနက် အပေါ်ဆုံးစာလုံးကို သုံးမီတာအကွာမှနေ၍ မမြင်နိုင်တော့ဟုဆိုလျှင် (သို့တည်းမဟုတ်)သုံးမီတာအကွာမှနေ၍ လက်ချောင်းလေးများ ထောင်ပြသည်ကို မမြင်နိုင်တော့ဟုဆိုလျှင် **'မျက်မမြင်'**ဟု သတ်မှတ်ပြီး အမြင်အာရုံ ပြန်လည်ရရှိစေရန်ကုသပေးရမည်ဖြစ်သည်။သို့ရာတွင် ကျွန်မတို့ သွားခဲ့သည့် ခရီးစဉ်တိုင်း ၎င်းအဓိပ္ပာယ် သတ်မှတ်ချက်ကို စာအုပ်ထဲမှာပင်ထားခဲ့ရသည်ချည်းပင်။ လေးပေ၊ ငါးပေမြင်လျှင်ပင် ဝမ်းသာအားရဖြင့် 'နေလို့ရသေးတယ် အဘရယ်မခွဲနဲ့ဦးနော်၊ နောက်တစ်ခေါက်မှ ခွဲပေးမယ်'ရယ်လို့ နှစ်သိမ့်အားပေးပြီး ထားခဲ့ရပေါင်းများ တော့လည်း ရင်ထဲမကောင်း ဖြစ်မိရပြန်သည်။

တကယ်တော့လည်း ခရီးစဉ်တစ်ခုအောင်မြင်သည်ဆိုရာ၌ စေတနာဆရာဝန်များ ရှိနေရုံဖြင့် မလုံလောက်သေး။ ကျွန်မတို့ကို တာဝန်ပေးစေလွှတ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့် များ၊ သက်ဆိုင်ရာ မြို့နယ်မှ မြို့မိမြို့ဖ၊ အဖွဲ့အစည်း များ၏ပံ့ပိုးကူညီမှုများ၊ ခရီးစဉ်တစ်ခု သွားမည်ဆိုတိုင်း ဝမ်းသာအားရ ပါဝင်လှူဒါန်းကြသည့် စေတနာသဒ္ဓါ တရား ထက်သန်လှသည့် ထာဝရအလှူရှင်များနှင့် အတူ ကျွန်မတို့ရှိရာသို့ အားကိုးတကြီး လာရောက်ပြသကြမည့် လူနာများ စသည်ဖြင့် အားလုံးပြည့်စုံမှသာ ခရီးစဉ်တစ်ခု အောင်မြင်နိုင်မည်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ယခုကျွန်မတို့၏ မင်းပြားခရီးစဉ်မှာတော့ ရသရွှေ့အချိန်အတွင်းမှာ အများဆုံးနှင့် အကောင်း ဆုံး ခွဲစိတ်ပေးနိုင်ခဲ့၍ အားလုံး ဝမ်းသာပီတိဖြစ်နေခဲ့ကြသည်။ မင်းပြားမြို့လူထုနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ၏ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့မှု ကြောင့်ပင် လူနာစုစုပေါင်း ၂၁၀၇ ဦးကို စမ်းသပ်ကြည့်ရှုပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာပေါင်း ၂၁၇ဦး၊ အသေးစားခွဲစိတ်မှု လူနာ ၂၀ တို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြပါသည်။

ဇန်နဝါရီလ ၁၅ ရက်နေ့သည်ကား ကျွန်မတို့ ခရီးစဉ်၏ အောင်မြင်မှုအထွတ်အထိပ်နေ့ပင်။ ခွဲစိတ်ပြီး လူနာ ၂၃၇ ဦးကို အမြင်အား ပြန်လည် စစ်ဆေးပေးခဲ့ပြီး မျက်စိကိုအုပ်ထားသည့် ဂွမ်းစလေးများ ဖယ်ရှား၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မျက်စဉ်းများခတ်ပေးပြီး ခွဲစိတ်ပြီးနောက် ရှောင်ရန်၊ ဆောင်ရန်များကို ပညာပေး ဟောပြောခြင်း၊ နေကာမျက်မှန်နှင့်မျက်စဉ်းများ ပေးလှူပြီးသည့်အချိန်မှာတော့ အားလုံး၏ အပြုံးမျက်နှာများမှာ တုနှိုင်း၍မမီ ဆေးပန်းချီခြယ်မှုန်း၍ပင် မရနိုင်တော့ပေ။ လူနာများ၊ လူနာစောင့်များ၏ ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သံများ၊ မြို့မိ၊ မြို့ဖ၊ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလုံးနှင့်အတူ ကြည်နူးအားရ ပျော်ရွှင်နေတဲ့ လူအုပ်ကြီးရဲ့ ပီတိအပြုံးတွေကို နောက်ခံထားပြီး **'လင်းပြီဟေ့'**လို့ ကြုံးဝါးတဲ့ အသံတွေ၊ မခွဲခင်တုန်းကတော့မမြင်ရပါ၊ ပရာတယ်(ပြာတယ်)၊ ဝေတယ် (ဝါးတယ်)၊ အီးတယ်(ကိုက်တယ်)နှင့် ရခိုင်သံမျိုးစုံကို ကြားခဲ့ရပြီး ငေးမှိုင်နေရှာခဲ့သူတွေက အဲသည်နေ့မှာတော့ လည်တိုင်လေးတွေတမော့မော့၊ နေကာမျက်မှန်လေးတွေ တကြော့ကြော့နှင့် ဟန်ရေးပြကောင်းနေခဲ့ကြသည်။ အဲသည် အပြုံးပီတိတွေ နောက်မှာတော့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးတို့၏ ကျေးဇူးတင်စကား၊ ဆရာကြီး ဒေါက်တာကံညွှန့်နှင့် အလှူရှင် ဦးကျောက်တောင်တို့၏ ဝမ်းသာပီတိစကား၊ ထို့နောက် အလင်းပြန်လည် ရရှိခဲ့ပြီဖြစ်သော မျက်စိဝေဒနာရှင် အဘဦးသာချို၏ ရင်တွင်းစကားတွေနဲ့ပဲ အောင်ပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့ပေသည်။

ပန်းတကာပန်းတွေအနက် နန်းထိုက်တော်ဝင် ပန်းသဇင်နှင့် ကျွန်မတို့အဖွဲ့ကို ပုံခိုင်းနှိုင်းပြခဲ့သည့် ဖြူစင်ရိုးသားလှသည့် ရခိုင်တိုင်းရင်းသားကြီး၏ ရင်တွင်းစကားတွေကတော့ ကျွန်မ၏(ခံစားလွယ်သည့်) နှလုံးအိမ်ကိုရိုက်ခတ်တုန်လှုပ်မိရပြီး မျက်ရည်ကြည် သီသီဝေ့ခဲ့ရပေပြီ။ **'လင်းပြီ''လင်းပြီ'**ရယ်လို့ ရခိုင်သံဝဲဝဲ အောင်သံတဝင့်ဝင့် ဟစ်အော်လိုက်တဲ့အခါ လူထုပရိသတ်ကြီး၏ **'သာဓု'**ခေါ်သံတွေက အလင်းရောင်စဉ်လှိုင်းများနှင့်အတူ ရခိုင်ရိုးမတောင်တန်းကြီးတစ်ခုလုံးကို ပဲ့တင်ထပ်မျှ လွှမ်းခြုံကျော်လွှားသွားခဲ့ရပြီဖြစ်သည်။

ကျွန်မတို့အားလုံး အမှန်တကယ် လိုအပ်သည့် နေရာများမှာ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ခဲ့ပေပြီ။ လောက၌ ငွေကြေးပြည့်စုံ ကြွယ်ဝတိုင်း၊ အတတ်ပညာ တွေပြည့်ဝတိုင်း ယခုလို စေတနာအလင်း အလှူတွေ ပေးဝေနိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပေ။ ကျွန်မတို့၏ ဖြူစင်ရှင်းသန့်သည့် စေတနာမေတ္တာများဖြင့် မိမိတို့ တတ်ကျွမ်းသည့်ပညာများ ပေါင်းစပ်ပြီး ရခိုင်ပြည်သူတို့၏ အလင်းတံခါးကို ဖွင့်လှစ်ပေးပြီးသည့် နောက်မှာတော့ အထက်ကဆိုခဲ့သည့်အတိုင်း ကျွန်မတို့အဖွဲ့ကို လိုလေသေးမရှိကူညီပံ့ပိုးပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း၊ ဤခရီးစဉ်အတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ကြသော Lion Sight First International၊ အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိသရ၊ရခိုင်ပြည်နယ်ထာဝရအလှူရှင် တောင်ကုတ်မြို့မှ ကုန်သည်ကြီး ဦးကျောက်တောင်၊ ကံ့ကော်မြေ (မြေနီကုန်း) ဘော်ဒါဆောင် ကျောင်းသူ၊ ကျောင်းသားများနှင့် ဆေးကုမ္ပဏီများဖြစ်ကြသော Alcon, Ashford, K.T.Z, Cipla Fourteen Star Network, United Pharma ကုမ္ပဏီတို့အား လည်းကောင်း ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြရင်း ရခိုင်ကဗျာလေးတစ်ပုဒ်ဖြင့် နိဂုံးချုပ်လိုက် ရပေတော့သည်။ ။

**လစန္ဒာ ဝင်းလို့ဝါ**
**ပ, လတ်တေ။**
**ကျိန်းရိပ်မြီမှာ လရောင်ခင်း**
**အလင်းအလှူပွဲ ခြိမ့်ခြိမ့်သဲ**
**လင်းလတ်တေ၊ လင်းလတ်တေ။**
**(ပ,လတ်တေ = လသာသည်**
**လင်းလတ်တေ = အလင်းရောင်ရသည်)**

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန** |
|---|---|
| (က) ဦးကျော်သူ | ညွှန်ကြားရေးမှူးချုပ် အမှတ်(၁)အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဦးဝင်း | ပါမောက္ခချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဂ) ဦးညွန့်အောင် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| (ဃ) ဦးအောင်ကြည် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန |

## မြိုင်ဆရာတော် တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့်မြိုင်ဆရာတော်အရှင်ပညာဇောတ (ဓမ္မာစရိယ) နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂ရက်တွင် မြင်းခြံမြို့ စာပြန်ပွဲဓမ္မသဘင်၊ ၃ရက်တွင် ရွှေပြည်သာမြို့နယ် ဝါးတရာ မလွန်ဆန်လှူပွဲဓမ္မသဘင်၊ ၄ရက်တွင် ဒေါပုံမြို့နယ်ဓမ္မသဘင်၊ ၆ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ ရှင်ပြုအလှူတော်ဓမ္မသဘင်၊ ၈ရက်တွင် ဒေါပုံမြို့နယ် မြို့နယ်ဓမ္မာရုံဓမ္မသဘင်၊ ၁၆ရက်တွင် ရွှေပြည်သာမြို့နယ် ဓမ္မသဘင်၊ ၁၇ရက်မှ ၂၃ရက်အထိ စစ်ကိုင်းတိုင်း ကလေးမြို့ ရွှေကျောင်းတော် သာနာရိပ်သာဓမ္မသဘင်၊ ၂၅ ရက်နှင့် ၂၆ရက်တို့တွင် မကွေးတိုင်း မိချောင်းရဲမြို့ ပဋ္ဌာနဂိုလ်ရွာသစ်ရွာ ဓမ္မသဘင်နှင့် ၂၈ရက်တွင် မကွေးတိုင်း မြိုင်မြို့ ကျက်မောက်ရွာ ဓမ္မသဘင်တို့၌ ည၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်သူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်ရိပ်သာ၊ ဖုန်း– ၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ (၁၈၁) တို့သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က–ပ)




## ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မဟာစည်ဓမ္မာရုံတွင်ကျင်းပရာ ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ် ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဩဝါဒပါတိမောက် အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ ဆက်လက်၍ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက ဩဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးကဗျာများကို ညီညာဖြိုဖြို ရွတ်ဆိုပူဇော်ကြသည်။

ဩဝါဒါစရိယဆရာတော် ဦးကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က ဩဝါဒပါတိမောက် တရားတော်ကို ဟောကြားတော်မူသည်။ **(အပေါ်ပုံ)** ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း စပယ်ရတနာ ဦးသန်းဝေအား ရည်စူး၍ ဒေါ်အင်မြင့် မိသားစုများက ယောဂီကုန်၊ သံဃာကုန် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂–၂–၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| **၇:၀၀** | ၁။ | မြဝတီအဖွင့် |
| **၇:၀၅** | ၂။ | အဖွင့်သီချင်း |
| **၇:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၅** | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၅** | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| **၄:၀၀** | ၁။ | မြဝတီအဖွင့် |
| **၄:၀၅** | ၂။ | အဖွင့်သီချင်း |
| **၄:၁၀** | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| **၄:၁၅** | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| **၄:၃၅** | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| **၄:၅၅** | ၆။ | မျိုးချစ်တပ်မတော် |
| **၅:၂၅** | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| **၅:၄၀** | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ | နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၁။ | မိုးလေဝသသတင်း |
| **၆:၃၀** | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၃၅** | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| **၆:၄၀** | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း–၃)** |
| **၈:၀၀** | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်း (၈)ကွက်" (အပိုင်း–၄)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ လောကချမ်းသာအဘယလာဘမုနိ မော်ကွန်းပြတိုက်အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း ဝိပဿနာ ခုနစ်ရက် တရားစခန်း ဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၂၅)ကြိမ်မြောက် ငွေရတု ဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည် ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများ ဖေဖော်ဝါရီ ၃ ရက် ည ၆ နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

## အုန်းပင်စိုက်ပျိုး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဆင္ဌအကြိမ် ဗုဒ္ဓပူဇနိယ မင်္ဂလာအခမ်းအနား အထိမ်းအမှတ်အဖြစ် အုန်းပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## အင်တာနက် ကျန်းမာရေးသတင်း

# စပျစ်ရည်သည် နှလုံးရောဂါကို ကာကွယ်နိုင်ကြောင်း ဖော်ထုတ်တွေ့ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁**

စပျစ်ရည်သည် ဝိုင်အနီကဲ့သို့ပင် နှလုံးရောဂါကို ကာကွယ်ပေးနိုင်စွမ်း ရှိသည်ကို တွေ့ရှိရကြောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထွက်ပေါ်လာသည့် ပြင်သစ် သုတေသန သတင်းက ဖော်ပြသည်။

သုတေသနပြု လေ့လာမှုပြုလုပ်သည့် သုတေသီများသည် ပြင်သစ်နိုင်ငံ လူဝစ်ပါတ်ချာတက္ကသိုလ်မှ ပညာရှင်များဖြစ်သည်။ စပျစ်ရည်သည် ဝိုင်အနီနည်းတူ နှလုံးရောဂါကို အကာအကွယ်ပေးနိုင်သည်။ သို့သော် အရက်နှင့်တွဲ၍ သောက်သုံးလျှင်မူ ထိုအကျိုးထူးကို မခံစားရဟုဆိုသည်။ အထက်ပါ တွေ့ရှိချက်သည် အရေးပါသော တွေ့ရှိချက်ဖြစ်သည်ဟု ယခုလေ့လာမှုကို ဦးဆောင်ပြုလုပ်သူ ဒေါက်တာ ဗယ်လရီရှိနီကတ်က ပြောကြားသည်။

### နှလုံးရောဂါကိုအကာအကွယ်ပေး

ဖော်ပြပါလေ့လာတွေ့ရှိချက်ကို သုတေသီများက နှလုံးဆေးပညာ ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ ဝိုင်အနီနှင့် အချို့သော စပျစ်ရည်များတွင် ပေါ်လီဖီနောဓာတ်များစွာ ပါဝင်သည်။ ယင်းပေါ်လီဖီနောဓာတ်သည် နှလုံးကို ဒုက္ခပေးသော ဓာတ်ပစ္စည်းများ ဖြစ်ပေါ်လာမှုကို ဟန့်တားပေးခြင်းဖြင့် နှလုံးရောဂါကို အကာအကွယ်ပေးခြင်းဖြစ်သည်။

သွေးကြောများကို ဖွဲ့စည်းထားသည့် အင်ဒိုဆီလီရယ်ဆဲလ်များ ကောင်းစွာ အလုပ်မလုပ်သောအခါ နှလုံးသွေးကြောပြဿနာကို ဖြစ်ပေါ်စေသည်။ စပျစ်ရည်တွင်ပါဝင်သော ပေါ်လီဖီနောများသည် အင်ဒိုဆီလီရယ် ကလာပ်စည်းများ လှုပ်ရှားမှုကိုအားပေးပြီး နိုက်ထရစ်အောက်ဆိုက်ဒ်ထုတ်လုပ်မှုကို အားပေးသည်။ ယင်းဓာတ်ပစ္စည်းများသည် နှလုံးသွေးကြော ရောဂါနှင့် သွေးတိုးရောဂါဖြစ်ပေါ်လာမှုကိုလည်း ထိန်းသိမ်းပေးသည်ဟု ဆိုသည်။

### ဆက်လက်လေ့လာ

ဤနေရာတွင် စပျစ်ရည်မျိုးစုံက အထက်ပါသတ္တိမျိုးကို ပေးစွမ်းနိုင်သည် မဟုတ်ပါ။ ပေါ်လီဖီနောဓာတ်များ ပါဝင်သော စပျစ်ရည် အမျိုးအစားသာလျှင် အထက်ပါ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ကြောင်း သိရသည်။ ထို့အပြင် သုတေသနပြုလုပ်သူများသည် အထက်ပါ တွေ့ရှိချက်ကို အခိုင်အမာအတည်ပြုနိုင်ရန် ဆက်လက်လေ့လာမှုများ ပြုလုပ်သွားရန် လိုသည်ဟု ဆိုသည်။ **အင်တာနက်**



# The LIVE NEWS ဂျာနယ် အမှတ်(၂၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၂၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ မြတ်နိုးလှစွာ ခြေတော်ရာ၊ မဲဇလီဆိပ် တာချီလိတ် အေးရိပ်ဝေစည် ဖွံ့ဖြိုးသည်၊ မြန်မာသဘော်သားများအတွက် ကုမ္ပဏီသစ် မိတ်ဆက်ပွဲ၊ ဟော်ကီကလပ် အသင်းများ ဖွဲ့စည်းမည်၊ ပထမဆုံး ပြည်တွင်းဖြစ် အိမ်ဆောင်မီးသတ်ပိုက်၊ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်းသစ်၊ မိမိပြည်တွင်းရေးထက် တိုင်းတစ်ပါး ပြည်တွင်းရေးကို စိတ်ဝင်စားနေသော ဂျော့ဘုရှ်၊ အိန္ဒိယတွင် ရုရှားက နျူကလီးယားဓာတ်ပေါင်းဖို အသစ်လေးခု တည်ဆောက်မည်၊ အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေး ဝါရှင်တန်တွင် လှုပ်ရှားမှုပြုလုပ်၊ အမေရိကန် ဘတ်ဂျက် ဥပဒေသစ်ကို စတင်ပြောင်းလဲစေမယ့် ဒီမိုကရက်တစ်ပါတီရဲ့ ထိုးနှက်ချက်များ၊ နာနတ်ယိုခါးခါးကလေး၊ တက္ကစီမင်းနှင့် အိန္ဒိယချစ်သူစုံတွဲ၊ အထင်နှင့်အမြင်၊ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ ကံကြမ္မာဘယ်လိုလဲ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ ဝဇ္ဇာအောင်နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသား တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိုစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြို့မ ထမနဲပွဲ

**မြို့မ ကျောင်းသား၊ ကျောင်းသူ ဟောင်းအသင်း (၁၁)ကြိမ်မြောက် မြို့မ ထမနဲပွဲဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က အမှတ်(၆၈) စကားဝါလမ်းရှိ အသင်းတိုက်ရှေ့ မြို့မမြက်ခင်းပြင်တွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (ကြေးမုံ)



☆ ဗကပအနွယ်များမှ

၎င်းတို့နာမည်ခံ ထည့်သွင်းဖွဲ့စည်းထားသော တိုင်းရင်းသား ပါတီအများစုမှာလည်း တရားဝင် ပယ်ဖျက်ခြင်းခံထားရသော ယခင်နိုင်ငံရေးပါတီများဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ CRPP က ဦးဆောင်ကျင်းပမည့် အခမ်းအနားတွင် အဆိုပါ အဖွဲ့များ၊ ဖော်ပြပါ ပုဂ္ဂိုလ်များ တွေ့ဆုံပူးပေါင်းပြီး ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုအဖြစ် ကြေညာချက်တစ်ရပ် ထုတ်ပြန်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

သို့ဖြစ်၍ အများပြည်သူတို့က CRPP ဦးဆောင်ပြီး လှုပ်ရှားမှုပြုလုပ်လာခြင်းနှင့် စပ်လျဉ်း၍-

**အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တင်သွင်းသော အဆိုပြုချက်မူကြမ်း ပယ်ချခံရခြင်းနှင့် ကွင်းဆက်သဖွယ် ဖြစ်နေကြောင်း၊**

**ထို့အတူ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပြည်ပြေးများက မြန်မာနိုင်ငံအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ၊ အဖျက်အမှောင့်လုပ်ရပ်များ ပိုမိုအရှိန်တိုးမြှင့်လုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်နေသည့် စီမံလုပ်ဆောင်ချက်နှင့်လည်း ကွင်းဆက်သဖွယ် ဖြစ်နေကြောင်း၊**

**ထို့ကြောင့် CRPP နှင့် အပေါင်းပါများ ၁၂-၂-၂၀၀၇ ရက်နေ့တွင် NLD ဌာနချုပ်၌ ပူးပေါင်းကျင်းပမည့် ထိုအခမ်းအနားသည် ပြည်တွင်း၊ ပြည်ပ၊ မြေပေါ်မြေအောက်နှင့် ပြည်ပြေးအဖျက်သမားများက မြန်မာနိုင်ငံနှင့် ပြည်သူလူထုအပေါ် လုပ်ကြံကျူးလွန်နေသည့် အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များနှင့်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့လက်သစ်များက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည့် လုပ်ရပ်များနှင့်လည်းကောင်း ကြောင်းကျိုးဆက်စပ်ပတ်သက်နေသည်ကို တွေ့ရှိရကြောင်း၊**

စသည်ဖြင့် ဝေဖန်သုံးသပ် ရှုမြင်ပြောကြားလျက်ရှိကြသည်။ (သတင်းစဉ်)

❁ ကျောဖုံးမှ

- ✳ **မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေး အကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊**
- ✳ **ယင်းသို့ အပြုသဘောမဟုတ်ဘဲ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်၍ လည်းကောင်း၊ အမျိုးသားရေးအကျိုးစီးပွားနှင့် ဆန့်ကျင်၍လည်းကောင်း အဖျက်သဘောဖြင့် လုပ်ဆောင်လာမှုများကိုမူ လက်ခံနိုင်မည်မဟုတ်ကြောင်း၊**
- ✳ **ယခုလုပ်ရပ်များမှာ ပြည်သူလူထုက သည်းမခံနိုင်တော့သဖြင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ် ပြင်းပြထက်သန်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊**
- ✳ **အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ တစ်ဖက်စောင်းနင်းလုပ်ရပ်များကို အခုလိုတုံ့ပြန်နိုင်မှ တန်ကာကျမှာဖြစ်ကြောင်း၊**



**ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိန်သံရုံးရှေ့၌ မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချသည့် ပိုစတာများ ကိုင်ဆောင်၍ ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။**

❒ မြန်မာနိုင်ငံမှ

ယင်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများကို ပြည်တွင်း နိုင်ငံရေးလှုပ်ရှားမှုများနှင့် ဟန်ချက်ညီ အရှိန်တိုးမြှင့်ပြုလုပ်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းတို့အတွက် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို အမေရိကန်နိုင်ငံသား ဂျိမ်းဘော့စ်အဲ့င်ဘတ်နှင့် ပြည်ပဆန့်ကျင်ဘက် အဖွဲ့များက ပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် ဇန်နဝါရီလ ၂၃ ရက်နေ့၌လည်း ABSDF ၏ အစီအစဉ်ဖြင့် ဖောက်ခွဲရေးသမား ခုနစ်ဦးအား သုံးသုတ်ခွဲပြီး ရန်ကုန်မြို့သို့ စေလွှတ်လိုက်ကြောင်း၊ ပထမအသုတ်တွင် ဝင်းအောင်နိုင်၊ မေဥမ္မာမြင့်နှင့် ရီနွတ်(ခ)မြင့်လေးအောင်၊ ဒုတိယအသုတ်တွင် စောမိုက်ကယ်(ခ) တင်ဦးနှင့် ဝင်းဝင်းချို၊ တတိယအသုတ်တွင် ဇော်ဇော်နှင့် အခြားတစ်ဦးတို့ ပါဝင်ကြောင်း ဆက်စပ်သတင်းများ ရရှိခဲ့သည်။

နိုင်ငံတော်က အဆိုပါ ပြည်တွင်း၊ပြည်ပ အဖျက်သမားများ၏ အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို တားဆီးချေမှုန်းနိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ အများပြည်သူတို့အနေဖြင့် လုံခြုံရေးသတိ ထားရှိကြရန်နှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လှုပ်ရှားမှုကို ဖော်ထုတ်ပြီး တာဝန်ရှိသူများထံ သတင်းပေးပို့ခြင်းဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၂-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အကြောင်းစုံလို့ အကောင်းစုံပါသည်တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်)(အပိုင်း-၁) |
| ၈:၀၅ | Myanmar Video Rhythm |
| ၉:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၅ | လန်းဆန်းသွက်လက်စေဖို့ အတွက် ပန်းမွေးဆီသုံး ရေချိုးစက် |
| ၉:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၀:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၀၅ | မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံ |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၀ | တောင်ပေါ်လက်ဖက် နတ်သစ်ရွက် |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | ကုန်ပစ္စည်းသစ်မိတ်ဆက် |
| ၁၁:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၀ | ဆီးချိုခြေထောက်ရောဂါ (ဒေါက်တာသန်းသန်းအေး) |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | Movie Talk (သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၁၂:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၂၀ | "ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း" ထောက်ကြန့်ကလေးပြုစုရေးဌာန |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း"(အပိုင်း၁) |
| ၁၃:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အောင်ဘာလေထီ ဆုကြီးများထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

(၂၁၇)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ပေါ်ထွက်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီး တစ်ဆု ကျပ်သိန်း(၅၀၀)**

ဃ - ၈၆၇၀၅၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀)ဆုများ**

က - ၁၂၀၄၅၀၊
ဘ - ၁၇၀၂၅၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

ဃ - ၂၀၈၃၆၅
ဈ - ၄၁၂၁၆၄
လ - ၆၆၀၂၃၉
ပ - ၅၈၇၉၈၅

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀)ဆုများ**

ဂ - ၆၂၀၀၅၅
င - ၄၅၀၂၇၄
ရ - ၃၂၀၅၄၅
ဓ - ၂၈၀၃၉၄
ဟ - ၄၂၁၇၃၁
ဖ - ၅၈၀၆၀၃
က - ၈၃၀၅၀၂
ဃ - ၂၃၆၉၂၃
င - ၄၇၃၀၀၀
လ - ၇၇၉၈၈၅
က - ၁၄၇၀၉၁
စ - ၇၄၇၆၃၂
ဓ - ၈၈၈၅၆၄
မ - ၅၈၀၇၈၅
ဠ - ၇၃၁၆၅၈

**ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

ရ - ၉၅၁၉၅၈
ဖ - ၂၁၁၉၉၉
စ - ၇၇၀၅၆၇
န - ၂၃၃၇၆၀
ရ - ၅၅၅၄၄၁
ည - ၁၈၈၅၂၄
ဝ - ၃၅၀၃၀၆
ဆ - ၇၅၈၆၃၉
ဍ - ၂၅၀၃၉၅
သ - ၄၅၆၈၆၁
ဍ - ၁၄၀၂၆၈
ဘ - ၂၀၇၀၅၇
င - ၈၅၁၈၃၇
လ - ၇၁၃၁၆၂
န - ၁၉၃၃၂၁
ဘ - ၇၇၃၆၅၄
ဝ - ၉၅၁၆၃၃




**ဖေဖော်ဝါရီ ၁ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှုလက်မှု (၃)လမ်းနေ ကွယ်လွန်သူ ဖခင် ဦးသိန်းလွင်(ခ)ဦးမိုးမြင့်ငါးလပြည့်နှင့် မိခင် ဒေါ်မြင့်ဦး(ခ)ဒေါ်တင်မြင့် ခြောက်နှစ်ပြည့်အားရည်စူး၍ သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်ဝင်း လက်ခံယူစဉ်။** (က-ပ)

## အများပိုင်ကုမ္ပဏီများ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ စီစဉ်မှု၊ ရောဝတီမြေပဲဆီသန့်ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရင်းအင်းပညာရှင် ဦးဝင်းသင်က အများပိုင်ကုမ္ပဏီများ မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့

**(၆-၂-၂၀၀၇)**

**"အနာကြီးရောဂါကင်းဝေးနေစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့"**

၁။ အနာကြီးရောဂါသည် ကူးစက်ရောဂါတစ်ခုသာဖြစ်၍ အခြားရောဂါများကဲ့သို့ပင် ရှက်ကြောက်ရန် မလိုဘဲ စောစောပြသ၍ ကုသမှုခံယူရန် ဝိုင်းဝန်းကူညီကြပါ။

၂။ အနာကြီးရောဂါကုသသည့် MDT ဆေးကို ကျန်းမာရေးဌာနများတွင် အခမဲ့ ရရှိနိုင်ပါသည်။

၃။ ဝေဒနာရှင်များ၊ ရောဂါခံစားခဲ့ဖူးသူများနှင့် မိသားစုများကို လူမှုဝန်းကျင်အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရန် ဝိုင်းဝန်းကူညီကြပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဒိုင်းဆွတ်ခူးခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဘောလုံးအသင်း တောင်ကြီးမြို့တွင် ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**သတင်း-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)**

တောင်ကြီး ဖေဖော်ဝါရီ ၁

**၂၀၀၇ခုနှစ်(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင်အနိုင်ရဗိုလ်စွဲသွားသော ရှမ်းပြည်နယ် (တောင်ပိုင်း)ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းတွင်ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိလာသည်။**



**ပြည်နယ်ဂုဏ်ဆောင် ရှမ်း/တောင်ဘောလုံးအသင်း ပြည်ထောင်စုဒိုင်းကြီးနှင့်အတူ တောင်ကြီးမြို့၌လှည့်လည်အောင်ပွဲ ခံစဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

### ဂုဏ်ပြုကြိုဆို

အောင်ပွဲရ ပြည်ထောင်စုဒိုင်း ချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းသည် နံနက် ၉နာရီမှစ၍အသင့်စီစဉ်ထားသော ရှမ်းစတား ဂျစ်ကားများဖြင့် ရွှေညောင်မြို့မှ တောင်ကြီးမြို့အထိ လှည့်လည် အောင်ပွဲခံကြသည်။ ပြည်နယ်ဂုဏ်ဆောင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းကို သယ်ဆောင်လာသော မော်တော်ယာဉ်တန်းသည် ရွှေညောင်မြို့မှ အေးသာယာမြို့၊ ထိုမှတစ်ဆင့် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်၊ ယင်းမှ ပြည်နယ်အားကစားကွင်းအထိ လှည့်လည်အောင်ပွဲခံရာ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက အတီးအမှုတ်၊အက၊ အခုန်များဖြင့် လည်းကောင်း၊ ဂုဏ်ပြုပန်းကုံးစွပ်၍လည်းကောင်း၊ ပန်းစည်းကမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ ကမ္ဘောဇဘဏ်လီမိတက်ရှေ့တွင်လည်း ကမ္ဘောဇဘဏ်မှ လုပ်ဖော်ကိုင်ဖက်များက ပန်းစည်းများကမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ကားများဖြင့် လှည့်လည်အောင်ပွဲခံခဲ့သော ပြည်ထောင်စုဒိုင်း ချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်း၏ အောင်ပွဲသံများ၊ ဒေသခံပြည်သူများ၏ တစ်ခဲနက် ကြိုဆိုအားပေးသံများမှာ ထင်းရှူးတောများ၊ တောင်တန်းများ ဝန်းရံထားသော တောင်ကြီးမြို့တစ်ခွင် လွှင့်ပျံ့သွားသည်။

ရှမ်းအိုးစည်သံမှာလည်း ပွဲတင်ထပ်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲတစ်လျှောက် (၁၁)ကြိမ် ချန်ပီယံဆု ဆွတ်ခူးပြီး ဒုတိယမြောက် အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှာ ယခု (၅၂)ကြိမ်မြောက် ပြိုင်ပွဲ၌ ရှုံးပွဲမရှိဘဲ ချန်ပီယံဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

ဗိုလ်လုပွဲ ပွဲစဉ်သို့လည်း ရှမ်းပြည်နယ် ပရိသတ်များမှာ ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် သုဝဏ္ဏကွင်းအရောက်လာရောက် အားပေးခဲ့ကြသလို ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှာလည်း ချန်ပီယံဆုကိုရယူပြီး ပရိသတ်တို့၏ အားပေးမှုကို တုံ့ပြန်နိုင်ခဲ့သည်။ အဖွဲ့ခေါင်းဆောင် ဦးစိုးနိုင်နှင့် အုပ်ချုပ်သူ ဦးမောင်မောင်လောက်တို့ လိုက်ပါလာသော ကားခေါင်းထက်တွင် ပြည်ထောင်စုဒိုင်းကြီးကို ဂုဏ်ယူဝင့်ကြွားစွာ လှည့်လည်ပြသခဲ့သည်။



**အောင်ပွဲခံရှမ်း/တောင် ဘောလုံးအသင်းအား ကမ္ဘောဇဘဏ်မှ လုပ်ဖော်ကိုင်ဖက်များ ပန်းစည်းကမ်း၍ ဂုဏ်ပြုကြိုဆို။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

### ဂုဏ်ပြုအမှာစကား

တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် အောင်ပွဲရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအား ကြိုဆိုပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ရှမ်းပြည်နယ်(တောင်ပိုင်း)အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

### ဂုဏ်ကိုမြှင့်တင်

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ချန်ပီယံ၊ ပြည်ထောင်စု ဒိုင်းကြီးကို ဆွတ်ခူးရရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ပြည်နယ်၏ ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့ပြီဖြစ်ပြီး နောက်နှစ်များတွင်လည်း ဆက်လက်အောင်ပွဲခံရန် ကြိုးပမ်းသွားဦးမည်ဖြစ်သည်။

(ကြေးမုံ)

# ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယဆုရ မကွေးတိုင်းအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယဆုရ မကွေးတိုင်းအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က ရန်ကုန်မြို့ M 3 Food Center တွင် ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ မကွေးမြို့နယ်အသင်း (ရန်ကုန်) အမှုဆောင်များဖြစ်ကြသော ဦးကြည်စိုး၊ ဦးကြည်မောင်၊ ဦးမြင့်သိန်း၊ ဦးမြ သောင်းနှင့် ဦးသောင်းဆိုင်တို့က ဂုဏ်ပြု ဆုငွေကျပ် ၂၄၀၀၀၀ကို အသင်းအုပ်ချုပ်သူ ဦးလှဝင်း(ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန) ထံသို့လည်းကောင်း၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာဦးဇော်ညွန့်ဦးက ငွေကျပ် ၃၀၀၀၀ ကို အကောင်းဆုံး နောက်တန်းဆုရ ထွန်းထွန်းနိုင်ထံသို့ လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**(ကြေးမုံ)




## အင်တာနက် အားကစားသတင်းများ

# အီတလီဖလားဘောလုံးပြိုင်ပွဲ ရိုးမားအသင်း ဗိုလ်လုပွဲတက်

ရောမ ဖေဖော်ဝါရီ ၁

အေအက်စ်ရိုးမားအသင်းသည် အေစီမီလန်အသင်းကို ဗုဒ္ဓဟူးနေ့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် နှစ်ပွဲ ပေါင်း၅-၃ဂိုးဖြင့် အနိုင်ရရှိကာ အီတလီဖလား ဘောလုံးဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အေအက်စ်ရိုးမားအသင်းသည် အီတလီဖလားဘောလုံးဗိုလ်လုပွဲ အဆင့်သို့ ရောက်ရှိခြင်းမှာ ငါးနှစ်တာကာလအတွင်း စတုတ္ထအကြိမ်ဖြစ်သည်။

ရိုးမားအသင်းသည် ဗိုလ်လုပွဲတွင် အင်တာမီလန်သို့မဟုတ် ဆမ်ဒိုးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါအသင်းနှစ်သင်း၏ အကြိုဗိုလ်လုပွဲ ကို ကြာသပတေးနေ့တွင် ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲတွင် မိမိတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရဖွယ်ရှိကြောင်း၊ မိမိတို့ အသင်းပြင်ဆင်ထားကြောင်း ရိုးမားအသင်း၏ နည်းပြလူစီယာနိုစပယ်လက်က ပြောကြားသည်။ ***အင်တာနက်။***

# မန်ယူတိုက်စစ်မှူး လူးဝစ်ဆာဟာ အပြည့်အဝ လေ့ကျင့်ကစားနေ

မန်ချက်စတာ ဖေဖော်ဝါရီ ၁

မန်ချက်စတာယူနိုက်တက်အသင်း၏ ပြင်သစ်လူမျိုး တိုက်စစ်မှူး လူးဝစ်ဆာဟာသည် ပြန်လည်နာလန်ထူလာပြီးနောက် ယနေ့မှစ၍ အပြည့်အဝ လေ့ကျင့်ကစားလျက် ရှိကြောင်း၊ ဆာဟာသည် ယခုရက်သတ္တပတ်ကုန်တွင် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲ တွင် ပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ရကြောင်း မန်ယူအသင်း၏ မန်နေဂျာဆာအေလက်စ်ဖာဂူဆန်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၊ အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတို့တွင် ဖေဖော်ဝါရီလအတွင်း ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်များသည် မန်ချက်စတာယူနိုက်တက်အသင်းအတွက် အထူးပင်အရေးကြီးကြောင်း ဖာဂူဆန်ကပြောကြားသည်။ ***အင်တာနက်။***

# မန်စီးတီးအသင်းနည်းပြပါစီ အင်္ဂလန်လူငယ်အသင်းကို တာဝန်ယူမည်

လန်ဒန် ဖေဖော်ဝါရီ ၁

အင်္ဂလန် အသက်၂၁နှစ်အောက် လူငယ်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် စတုအတ်ပါစီက တာဝန်ယူဆောင်ရွက်ရန် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)နှင့် မန်ချက်စတာစီးတီးတာဝန်ရှိသူတို့ သဘောတူညီချက်ရရှိကြောင်း ယနေ့အင်တာနက် သတင်းတွင်ဖော်ပြသည်။

အင်္ဂလန်အသက် ၂၁နှစ်အောက် လူငယ်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ပီတာတေလာ၏နေရာကို ဆက်ခံရန် ပါစီက သဘောတူညီခဲ့ပြီဖြစ်သည်။ သို့ရာတွင် မန်ချက်စတာစီးတီးအသင်းအနေဖြင့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသည် အရေးကြီးသောအဆင့်သို့ ရောက်ရှိနေချိန်တွင် ပါစီအား လက်လွှတ်ရန် အစောပိုင်းတွင် လိုလားခဲ့ခြင်းမရှိပေ။

ပါစီသည် လာမည့်အင်္ဂါနေ့တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် လည်းကောင်း၊ လာမည့်နွေရာသီတွင် ကျင်းပမည့် ဥရောပတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ တွင် လည်းကောင်း အင်္ဂလန်လူငယ်အသင်း၏ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ***အင်တာနက်။***

# ရီးဒင်းနောက်တန်းလူ ဆွန်ကို ဒူးခေါင်းတွင် ထိခိုက်ဒဏ်ရာရ

ရီးဒင်း (အင်္ဂလန်) ဖေဖော်ဝါရီ ၁

ရီးဒင်းအသင်း၏ ဆီနီဂေါလူမျိုး နောက်တန်းလူ အီဘာရာဟင်မာဆွန်ကို ဒူးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လက်ရှိဘောလုံးရာသီ ကုန်းဆုံးချိန်အထိ ဘောလုံးကစားနိုင်တော့မည်မဟုတ်ကြောင်း ယနေ့အင်တာနက် သတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ၂၀ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ တွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားချိန်အတွင်း လဲကျခဲ့သူ ဆွန်ကိုမှာ ဒူးခေါင်းအရွတ်တွင် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဆွန်ကိုသည် အရေးပါသော ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် ဇန်နဝါရီလအတွင်း နောက်တန်းဘောလုံးသမားသုံးဦးကို ခေါ်ယူရန် ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သဖြင့် ဆွန်ကိုမရှိသော်လည်း အသင်းအတွက် ထိခိုက်မှုရှိမည်မဟုတ်ကြောင်း ရီးဒင်းအသင်း မန်နေဂျာ စတိဗ်ကော့ပဲလ်ကပြောကြားသည်။

***အင်တာနက်။***

# ဗကပအနွယ်များ၊ လူမျိုးရေးအစွန်းရောက်သူများ၊ လက်ယာနိုင်ငံရေးသမားများနှင့် ပူးပေါင်းပြီး CRPP က NLD ဌာနချုပ်၌ နိုင်ငံရေးလှုပ်ရှားမှု ဦးဆောင်ပြုလုပ်ရန် စီစဉ်လျက်ရှိ

## မြန်မာနိုင်ငံအား လုပ်ကြံဖျက်ဆီးနေသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အစီအမံနှင့် ကြောင်းကျိုးဆက်စပ် ပတ်သက်နေသည့်လုပ်ရပ်ဖြစ်ကြောင်း ပြည်သူများကဝေဖန်ပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁

**ယခုလာမည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို အကြောင်းပြုပြီး ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ရုံး၌ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ(CRPP)ဆိုသည့်အဖွဲ့က ဦးဆောင်၍ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပြီး နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်သွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။**

ယခင်က ထိုသို့သော ပြည်ထောင်စုနေ့ အခမ်းအနားများကို NLD ကသာ ဦးဆောင်ကျင်းပလေ့ရှိသော်လည်း ယခုနှစ်ကျမှ CRPP က ဦးဆောင်ကျင်းပရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ပြည်နယ်၊ တိုင်းများရှိ NLD ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပါတီအချို့မှ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်အချို့နှင့် ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ၊ ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင်များကို ဖိတ်ကြားတက်ရောက်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် NLD နှင့် ပူးပေါင်းဆက်သွယ် ဝင်ထွက်သွားလာနေသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်း အချို့ကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ CRPP က ဖိတ်ကြားတက်ရောက်စေမည့် အဖွဲ့များသည် ၁၈-၁-၂၀၀၇ ရက်နေ့၌ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်အဖွဲ့က ကျင်းပပြုလုပ်ခဲ့သည့် ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင် မင်းကိုနိုင်တို့အဖွဲ့ လွတ်မြောက်လာခြင်းအား ဂုဏ်ပြုသည့် အခမ်းအနားသို့ ဖိတ်ကြားတက်ရောက်ခဲ့သည့် အဖွဲ့များပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

၎င်းအဖွဲ့များမှ တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များတွင် လက်ဝဲအစွဲကြီးသူ ဗကပများနှင့် ဗကပအနွယ်ဝင်များ၊ လူမျိုးရေးအစွန်းရောက်ဝါဒ စွဲကိုင်ထားသူများ၊ အနောက်နိုင်ငံကြီးများကို လိုလားအားကိုးသော လက်ယာနိုင်ငံရေးသမားများ ပါဝင်နေကြောင်း တွေ့ရှိရသည်။

ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အမည်ခံထားသော CRPP သည် တရားဝင်အဖွဲ့အစည်းတစ်ရပ် မဟုတ်ကြောင်းနှင့် CRPP တွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

## မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် ဗြိတိန်တို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို မခံမရပ်နိုင်သော ပြည်သူများက ဆန့်ကျင်ကန့်ကွက်သည့် ပိုစတာများကိုင်ဆောင်၍

## အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြပွဲများ ထပ်မံပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ယနေ့မွန်းလွဲ ၁ နာရီခန့်အချိန်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးရှေ့နှင့် ဗြိတိန်သံရုံးရှေ့တို့၌ ထပ်မံဆန္ဒပြမှုများ မရေးမနှောင်း ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဆန္ဒပြသူ ၃၀ ခန့်သည် ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မဟာဗန္ဓုလလမ်းဘက်မှ ထွက်လာပြီး ကုန်သည်လမ်းရှိ အမေရိကန်သံရုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြကြကြောင်း၊ မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချသည့် ကြွေးကြော်သံ ပိုစတာများနှင့် သဘောထားကြေညာချက် စာရွက်များကို အမေရိကန်သံရုံးရှေ့တွင် ပစ်ချထားပြီး လူစုခွဲသွားကြောင်း သိရသည်။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ဆန္ဒပြသူ ၃၀နီးပါးသည် မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် ဗြိတိန်တို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်သည့် ပိုစတာများ ကိုင်ဆောင်လျက် ကမ်းနားလမ်းရှိ ဗြိတိန်သံရုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြပြီး လူစုခွဲသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမေရိကန်နှင့် ဗြိတိန်တို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို လုံးဝလက်မခံ**

**အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန့်ကျင်ကန့်ကွက်ကြောင်း ဆန္ဒပြမှုများနှင့်စပ်လျဉ်း၍**

## ပြည်သူလူထု၏ ဆန္ဒသဘောထားများ

**✳ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များ ဆက်တိုက်ပြုလုပ်ပြီး နိုင်ငံနှင့်လူမျိုးအား အကြိမ်ကြိမ် ထိပါးစော်ကားနေခြင်းကို မခံမရပ်နိုင်ဖြစ်လာသော ပြည်သူများအတွင်းမှ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူများ ရှေ့တန်းထွက်၍ ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းပင်ဖြစ်ကြောင်း၊**

**✳ ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏ မူဝါဒများ၊ ပြည်သူလူထု၏ဆန္ဒသဘောထားများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း၊**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

## မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ မသမာသောလုပ်ရပ် အရေးနိမ့်ရပ်တန့်သွားသဖြင့် ဖောက်ခွဲဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများ အရှိန်တိုးမြှင့်ပြုလုပ်ရန်အတွက် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အပူတပြင်းတွေ့ဆုံပူးပေါင်းလုပ်ကြံနေ

## ပြည်ပဆန့်ကျင်ဘက်အဖွဲ့များကလည်း ငွေကြေးနှင့် ဖောက်ခွဲရေး ပစ္စည်းများ ပံ့ပိုးကူညီလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

**ပြည်တွင်း ပြည်ပအဖျက်သမားများသည် ၎င်းတို့၏ မသမာသောလုပ်ရပ် အရေးနိမ့် ရပ်တန့်သွားခြင်းကြောင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းပြချက်များ ထပ်မံဖန်တီးစွပ်စွဲနိုင်ရေးအတွက် ပြည်တွင်း၌မတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများဖြစ်ပွားအောင် အကြမ်းဖက်ဖောက်ခွဲမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများကို ပြည်တွင်း နိုင်ငံရေးလှုပ်ရှားမှုများနှင့် ဟန်ချက်ညီ ပိုမိုအရှိန်တိုးမြှင့် လုပ်ဆောင်ရန် ကြံစည်အားထုတ်လျက်ရှိကြောင်း သတင်းများ ရရှိသဖြင့် သတင်းစာများမှတစ်ဆင့် ထုတ်ပြန်အသိပေးလျက်ရှိသည်။**

ယခုတစ်ဖန် ထပ်မံရရှိသောသတင်းအရ ဇန်နဝါရီ ၂၈ ရက်က မဲဆောက်မြို့ မြောက်ဘက်မယ်ပကျေးရွာရှိ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ရုံးတွင် ABSDF ဥက္ကဋ္ဌ သံခဲ၊ DPNSမှ ဖိုးချို(ခ)မြင့်မောင်၊ သိန်းဦးအပါအဝင် (၁၀)ဦးနှင့် စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်များအဖွဲ့ (VBSW)မှ အဖွဲ့ဝင်အချို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံသား ဂျိမ်းဘော့စ်အဲ့င်ဘတ်ဆိုသူလည်း တက်ရောက်ခဲ့ကြောင်း၊ ဂျိမ်းဘော့စ်အဲ့င်ဘတ်သည် ABSDF၏ သတင်းစာစောင်များ ထုတ်ဝေဖြန့်ချိမှုအတွက် ငွေကြေးထောက်ပံ့နေသူဖြစ်ပြီး လောလောဆယ်တွင် မဲဆောက်မြို့နယ် မယ်ပရွာရှိ ဘတ်ဒေးဆော်ဟိုတယ်၌ တည်းခိုလျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❒